


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

၁၁-၇-၁၉၆၂ ရက်နေ့ ရန်ကုန်မြို့၌

ဟောကြားဆုံးမတော်မူသော

# နိဗ္ဗာန်မသိရင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်

၁၀၂

(နိဗ္ဗာန်အကြောင်းရှင်းပြပုံ)



၁၁–၇–၁၉၆၂ ရက်နေ့ ရန်ကုန်မြို့၌

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားဆုံးမတော်မူသော

# နိဗ္ဗာန်မသိရင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်

(နိဗ္ဗာန်အကြောင်း ရှင်းပြပုံ)

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အုပ်ရေ | - | ၁၀၀၀ |
| ခုနှစ် | - | ၂၀၁၂ ခုနှစ် |
| တန်ဖိုး | - | ကျပ် |
| အဖုံး[illegible]ခြင်း | - | သန်းထိုက်ရတနာအော့ဖ်ဆက် |
| ထုတ်ဝေသူ | - | ဦးအောင်နိုင်မြင့်(မြ-၀၄၃၇၅) မိုးကုတ်ဝိပဿနာနှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ်၊ အမှတ်(၈၂)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | - | ဦးဝင်းအောင် (မြ-၀၅၁၃၅) သန်းထိုက်ရတနာပုံနှိပ်တိုက် ၈၄/၈၆၊ လမ်း ၅၀ (အလယ်) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

**ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏**
**မူပိုင်ဖြစ်သည်မည်သူမျှကူးယူထုတ်ဝေခြင်းမပြုရ။**

CIP 294.3

မိုးကုတ်ဆရာတော်ဘုရားကြီး
နိဗ္ဗာန်မသိရင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်၊ ရန်ကုန်။
မိုးကုတ်ဝိပဿနာကျင့်စဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်
(၂၀၁၂)
စာ - ၅၅၊ ၈.၆၄ × ၁၃.၇၂ စင်တီ
(၁) နိဗ္ဗာန်မသိရင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်

၁၁–၇–၆၂ ရက်နေ့ (ည)
အမရပူရမြို့ မင်္ဂလာတိုက်ပောင်း
ကျေးဇူးရှင်
မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၌ ဟောကြားဆုံးမတော်မူသော

# နိဗ္ဗာန်မသိရင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်

* * *

ဒကာ၊ ဒကာမတွေ ဒီနေ့ နိဗ္ဗာန်ကို ဟောလိမ့်မယ်။ ဒီနေ့ ဘာဟောမှာပါလိမ့်...(နိဗ္ဗာန်ကို ဟောမှာပါဘုရား)။ နိဗ္ဗာန်ကို ဟောလိမ့်မယ်လို့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ မှတ်ထားကြပါ... (မှန်ပါ့ဘုရား)။

# နိဗ္ဗာန်မသိရင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်

နိဗ္ဗာန်မသိရင် ဥစ္ဆေဒဒိဋ္ဌိဖြစ်ပါတယ်...(မှန်ပါ့)။ နိဗ္ဗာန် မသိရင်...(ဥစ္ဆေဒ ဒိဋ္ဌိပါဘုရား)။ သေသေချာချာ မှတ်ပါ။ နိဗ္ဗာန် မသိရင်...(ဥစ္ဆေဒ ဒိဋ္ဌိပါဘုရား)။

ဒါဖြင့် ဗုဒ္ဓဘာသာရယ်လို့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ လုပ်နေကြတယ်။ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မလဲလို့ တွေးလိုက်တဲ့အ ခါကျတော့ ရုပ်နာမ်တွေကုန်သွားတာ နိဗ္ဗာန်လို့သိကြတယ်။ တဏှာ တွေ ကုန်သွားတာ နိဗ္ဗာန်လို့ သိကြတယ်။ တဏှာကုန်လည်း ဘာမှမရှိဘူး။ ရုပ်နာမ်ကုန်တော့လည်း ဘာမှမရှိဘူး...(မှန်ပါ့)။

ဩော်...ဘာမှမရှိတာ နိဗ္ဗာန်လို့ ယူလိုက်ပြန်လို့ရှိရင်လည်း ဥစ္ဆေဒဒိဋ္ဌိဘက် သွားပါတယ်...(မှန်ပါ့)၊ မသွားကြဘူးလား..(သွား ပါတယ်ဘုရား)။ ဉာဏ်နားနဲ့ ထောင်ပါ၊ ဒကာ၊ ဒကာမတို့ နိဗ္ဗာန် ဟောရတော့မယ်ဆိုတော့ ဘုန်းကြီးများ အထူးပဲ ရင်လေးပါတယ်။ နိဗ္ဗာန်ဟောရတော့မယ်ဆိုလို့ရှိရင် ရင်လေးပါတယ်။

ဘာကြောင့် ရင်လေးပါလိမ့်မတုံးဆိုတော့ ဒကာ၊ ဒကာမ တွေ သိ‌ထားတဲ့ နိဗ္ဗာန်က မြို့ကြီး ပြကြီးလို့ သိထားပြန်တော့လည်း သဿတဒိဋ္ဌိ...(မှန်ပါ့)။ မြို့ကြီး ပြကြီးလို့ သိထားပြန်တော့ ဘယ့်နှယ်ဖြစ်နေတုံး...(သဿတဒိဋ္ဌိပါ ဘုရား)။

မြို့ကြီးပြကြီးဆိုတာ ခိုင်တယ် မြဲတယ်ကိုး။ ခိုင်တယ်မြဲ တယ်ကို မြို့ကြီးပြကြီးအနေနဲ့ ဟောလိုက်ပြန်လို့ရှင်လည်း သဿတ ဒိဋ္ဌိဘက် ဒကာ၊ ဒကာမတွေ ဉာဏ်ပြေးသွားတယ်။ သဘောပါကြ

ရဲ့လား…(ပါ,ပါတယ်ဘုရား)။

## စဉ်းစားနားထောင်ပါ

စဉ်းစားနားထောင်ပါ။ မြန်မြန်ပြောလို့လည်း မရဘူး၊ ခက်လွန်းလို့နော်…(မှန်ပါ့)။ တစ်ခါ ခုနင်ကလို ရုပ်ရော နာမ်ရောမရှိတာ နိဗ္ဗာန်လို့ ယူလိုက်ပြန်တော့လည်း ဘာမှမရှိတာ နိဗ္ဗာန်ဖြစ်ပြန်တော့လည်း ဥစ္ဆေဒဒိဋ္ဌိဘက်သွားတယ်…(မှန်ပါ့)။ ပေါ်ကြပြီလား… (ပေါ်ပါပြီဘုရား)၊ ဦးညွန့် ပေါ်ရဲ့လား…(ပေါ်ပါတယ်ဘုရား)။

ကဲ…ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘယ်လောက်အပြောခက်မယ်ဆိုတာ သခင်ဝတင်တို့ ပေါ်ရောပေါ့…(မှန်ပါ့)။ မခက်ပေဘူးလား… (ခက်ပါတယ်ဘုရား)။ ဉာဏ်နားနဲ့ ထောင်ကြည့်စမ်းပါ။ စကားခင်းကတည်းက အတော်ခက်ပါတယ်…(မှန်ပါ့)။ နိဗ္ဗာန်မြို့ကြီး ပြကြီးလို့ ယူလိုက်ပြန်လို့ရှိရင်လည်း ဒကာ၊ ဒကာမတွေ ဘာဒိဋ္ဌိဘက်သွားတုံး…(သဿတဒိဋ္ဌိဘက် သွားပါတယ်ဘုရား)။

နိဗ္ဗာန်နဲ့ ဒိဋ္ဌိနဲ့ဆိုတာကလည်း အင်မတန်နီးပါတယ်။ ဉာဏ်မသက်ရောက်လို့ရှိရင် အင်မတန်နီးပါတယ်ဆိုတာ ပေါ်ကြပြီလား… (ပေါ်ပါပြီဘုရား)။

နိဗ္ဗာန်သည် ဆရာတွေ သမားတွေက ဟောပြန်ပါတယ်။ နိဗ္ဗာန်ဆိုတာကွာ ခန္ဓာသိမ်း နိဗ္ဗာန်၊ တဏှာသိမ်းနိဗ္ဗာန်ဆိုတော့ တဏှာရော ခန္ဓာရော မရှိတာ နိဗ္ဗာန်လို့ ယူလိုက်ပြန်တော့ ဒကာ၊ ဒကာမတွေက ဘာမှမရှိတဲ့ဘက် ရောက်သွားတယ်။ မရောက်ဘူး

လား...(ရောက်ပါတယ်ဘုရား)။

ဘာမှမရှိတဲ့ဘက် ရောက်သွားပြန်တော့လည်း နိဗ္ဗာန်ဆိုတာ ဘာမှမရှိဘူးပေ့ ဆိုတော့လည်း ဘာဒိဋ္ဌိဘက် ပြေးသလဲ (ဥစ္ဆေဒ ဒိဋ္ဌိ) ဥစ္ဆေဒဒိဋ္ဌိဘက် မပြေးဘူးလား...(ပြေးပါတယ်)။

## ဘုရားဟောတဲ့ နိဗ္ဗာန်ဆိုတာ

ဒါဖြင့် ခင်ဗျားတို့ နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်ဟာ အရမ်းလိုချင် နေတာ ဖြစ်ပါလိမ့်မယ်...(မှန်ပါ့ဘုရား)။

သဿတလည်း နားမလည်၊ သဿတကြိုက်တဲ့ ပုဂ္ဂိုလ်က လည်း သဿတဘက်ကို အမှန်ယူသွားလိမ့်မယ်။

ဥစ္ဆေဒကြိုက်တဲ့ ပုဂ္ဂိုလ်ကလည်း ဘာမှမရှိတာဖြင့် ဘာမှ မဖြစ်ချင်ဘူးဆိုတဲ့ တဏှာသမားကလည်း ကန့်ကွက်ချင် ကန့်ကွက် မှာ၊ မကန့်ကွက်ပေဘူးလား...(ကန့်ကွက်ပါတယ်ဘုရား)။

အဲဒါကြောင့် ယနေ့ နိဗ္ဗာန်ကိုဖြင့် ဘုရားဟောတဲ့ နိဗ္ဗာန် ရှင်းရှင်းလင်းလင်းသိရတော့မယ်ဆိုတဲ့ဥစ္စာ၊ ရှိတဲ့ နိဗ္ဗာန်ကို သိရလိမ့် မယ်လို့မှတ်ပါ။ ဘာသိရမလဲ...(ရှိတဲ့နိဗ္ဗာန်ကို သိရလိမ့်မယ်) ရှိတဲ့ နိဗ္ဗာန်ကို သိရလိမ့်မယ်လို့ မှတ်လိုက်စမ်းပါ။ ရှိတဲ့နိဗ္ဗာန် သိရလိမ့်မယ် ဆိုတာ ဒကာ၊ ဒကာမတွေ သေသေချာချာ မှတ်ကြပါနော်... (မှန်ပါ့)။

မောင်ကို အဟောတော့ အတော်ခက်နေပြီ... (မှန်ပါ့ဘုရား)။ သေသေချာချာ ခက်တာပဲ။ အပြောသာမလည်လို့

ဘုရားဟောလည်း မစုံဘူးဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့မေးချင်တာ မေးကြ၊ သဿတနှင့် ဥစ္ဆေဒ တစ်ခုခုဘက်သွားတာပဲ။ မသွားပေဘူးလား...(သွားပါတယ်ဘုရား)။

## သဿတဘက် ပါသွားနိုင်တယ်

သဿတဘက် သွားရင်လည်း သွားလိမ့်မယ်နော်။ ဥစ္ဆေဒဘက်ရင်ကော...(သွားပါတယ်ဘုရား)။ ဥစ္ဆေဒဆိုတာ ပြတ်သွားတယ်လို့ယူလိုက်တော့ ဘာမှမရှိဘူးဆိုတော့ ဘာဒိဋ္ဌိဘက် သွားသလဲ... (ဥစ္ဆေဒဘက် သွားပါတယ်)။

မြို့ကြီးပြကြီး တို့သွားစံရလိမ့်ကွဆိုတော့လည်း ဘယ်ဒိဋ္ဌိဘက် သွားသလဲ...(သဿတဒိဋ္ဌိဘက် သွားပါတယ်ဘုရား)။ အဲဒီအလယ်ကြားသွားမှလည်း အမှန်ရောက်မယ်...(မှန်ပါ့)၊ သဘောပါကြပလား... (ပါ,ပါတယ်)။

ဒီနှစ်ခုကြားသွားမှလည်း နိဗ္ဗာန်တွေ့မှာပဲဆိုတာ သဘောပါပလား...(ပါ,ပါတယ်ဘုရား)။

ဒါဖြင့် ဩော်...ဒီနှစ်ခုကြားကို ဆရာဘုန်းကြီးက ဟောရတော့မယ်ဆိုတော့ ခုနက ပြောခဲ့တဲ့ ရင်လေးတယ်ဆိုတာ ဒကာ၊ ဒကာမတို့ ရိပ်မိကြပလား...(ရိပ်မိပါပြီ)။

သခင်ဝတင် ရင်လေးတယ်...(မှန်ပါ့)။ မဟောလည်း မဖြစ်ဘူး။ မဟောရင် ဒီဒကာ၊ ဒကာမတွေ တစ်ချို့က သဿတဒိဋ္ဌိပဲ...(မှန်ပါ့)။ တစ်ချို့က ဘာတုံး...(ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

## ဒိဋ္ဌိရှိလျက်နဲ့ နိဗ္ဗာန်မရောက်နိုင်

ဒါဖြင့် ဒိဋ္ဌိရှိလျက်နဲ့ဖြင့် နိဗ္ဗာန်ရောက်ပါ့မလား…(မရောက်ပါဘုရား)။ အဲဒီတော့ ဘာလှူလှူ ဘာတန်းတန်း ဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ် လှူတာဖြင့် နိဗ္ဗာန်မရပါဘူး။ ရနိုင်ပါ့မလား…(မရနိုင်ပါဘုရား)။

နားကြီးကြီးနဲ့ထောင်ပါ ဒကာ၊ ဒကာမတို့။ ဒါနပယ်၊ သီလပယ်တဲ့ ဘုန်းကြီးတော့ မဟုတ်ဘူးနော်။

သို့သော် ခင်ဗျားတို့မှာ သဿတ၊ ဥစ္ဆေဒ ရှိနေရင်တော့ဖြင့် နိဗ္ဗာန်ရောက်လိမ့်မယ်လို့ ဘုန်းကြီးတင် မကပါဘူးတဲ့။ နောက်အရိမေတ္တေယျ ဘုရားသခင်လည်း ဟောမယ်မဟုတ်ပါဘူး။ ဂေါတမ ဘုရားသခင်လည်း သဿတ၊ ဥစ္ဆေဒ တစ်ခုခုငြိနေလို့ရှိရင် နိဗ္ဗာန် မရောက်ဘူးဆိုတဲ့ဥစ္စာ သေသေချာချာ ဟောပါတယ်။ မဟောဘူး လား… (ဟောပါတယ်ဘုရား)။

## သဿတ ဥစ္ဆေဒ လွတ်အောင်

ကိုင်း…ဒါဖြင့် ဒကာ၊ ဒကာမတို့ သဿတ၊ ဥစ္ဆေဒလွတ် အောင် ပြောကြစို့နော်…(မှန်ပါ့)။ မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ ဘုရားနဲ့ အဂ္ဂိဝစ္ဆပုဏ္ဏား မေးတာကို ရှေ့ပိုင်းက နားထောင်ပါ။ နောက်ပိုင်း နိဗ္ဗာန်ပေါ်လိမ့်မယ်လို့ မှတ်လိုက်ပါ… (မှန်ပါ့)။

ဘုရားက အဖြေ၊ အဂ္ဂိဝစ္ဆပုဏ္ဏားက အမေးသမား၊ ရှင်းပ လား…(ရှင်းပါပြီ)၊ ဘုရားက ဘယ်ကနေသလဲ…(အဖြေဘက်က နေပါတယ်ဘုရား)။ အဂ္ဂိဝစ္ဆပုဏ္ဏားက…(အမေးဘက်က နေပါ

တယ်)။

## နိဗ္ဗာန်ဟောတဲ့ ဝတ္ထု

ကိုင်း…အဲဒီဝတ္ထုကို နိဗ္ဗာန်ဟောတဲ့ ဝတ္ထုလို့ မှတ်လိုက်စမ်းပါ။ ဒကာ၊ ဒကာမတွေ ဒီဝတ္ထုဟာ ဘာဟောတဲ့ ဝတ္ထုပါလိမ့်… (နိဗ္ဗာန်ဟောတဲ့ ဝတ္ထုပါဘုရား)။

နိဗ္ဗာန်ဟောတဲ့ ဝတ္ထုကို ဘုန်းကြီးက ကြံဖန်ဟောတာလား၊ မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ ဘုရားနဲ့ ပုဏ္ဏားတို့ အချေအတင်လုပ်လို့ နိဗ္ဗာန်ပေါ်လာတာလားဆိုတာလည်း စဉ်းစား၊ ဘုရားနဲ့ ပုဏ္ဏားတို့ အချေအတင်ပြောဆိုလို့ နိဗ္ဗာန်ပေါ်လာတာလို့ သေသေချာချာ မှတ်ပါ။ နိုင်လုံပလား…(နိုင်လုံပါပြီဘုရား)။

နိုင်လုံပြီတဲ့။ ကဲ…ဒါဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသီတင်းသုံးပြီးသကာလ နေတုန်း ဝစ္ဆအနွယ်ဖြစ်တဲ့ ပုဏ္ဏားတစ်ယောက်လာတယ်။ အဂ္ဂိဝစ္ဆ ဆိုတဲ့ဥစ္စာက ဒကာ၊ ဒကာမတို့ ပုဏ္ဏားနာမည်လို့ မှတ်ထိုက်တာ ပေါ့ဗျာ။

## အဂ္ဂိဝစ္ဆ မေးခွင့်တောင်းတယ်

ဘုရားနဲ့တွေ့တဲ့အခါ သူကောက်ပြီး သကာလ၊ အလ္လာပ သလ္လာပ အတုံ့အပြန်ဆိုတဲ့ အောက်မေ့ဖွယ် ဝမ်းမြောက်ဖွယ်တွေ ပြောပြီးသည်၏ အခြားမဲ့၌ မသိတာမေးပါရစေဘုရားလို့ လျှောက်

တယ်။ မသိတာ မေးပါရစေ ဘုရားလို့ လျှောက်တဲ့အခါကျတော့ အေးကွာ မေးတာပေါ့ဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို မေးလိုက်တယ်။

ဒီ ဒုတိယအကွက်ဟာ ရုပ်နာမ်တွေ ဒကာ၊ ဒကာမတို့နော် ...(မှန်ပါ့)၊ ဒုတိယအကွက်ဟာ ဘာတွေပါလိမ့်...(ရုပ်နာမ်တွေပါ ဘုရား)၊ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးပဲ မဟုတ်လား...(မှန်ပါ့)၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေလို့ဆိုရင် လွဲပါ့မလား...(မလွဲပါ)။

ဒါကို ဒကာ၊ ဒကာမတို့ ဒီတရားဟာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပေါင်းရင် ရုပ်နာမ်ပဲရှိတယ်...(မှန်ပါ့)၊ အဲဒါကို ရှေးအခါတုန်းကတော့ လောကလို့ သုံးတယ်။ ရုပ်နာမ်ကို ဘယ်လိုသုံးပါလိမ့်...(လောကလို့ သုံးပါတယ်ဘုရား)။

ဒကာ၊ ဒကာမတွေကော လောကထဲမှာ မသုံးကြဘူးလား ...(သုံးပါတယ်)၊ ဒါ ပြောတာပဲ၊ ခင်ဗျားတို့ လောကက သဘော ကျပလား...(ကျပါပြီဘုရား)။

အဲဒီလို ဒါ ဒကာ၊ ဒကာမတွေ မှတ်ယူဖို့ကတော့ ဝိညာဏ် ဆိုတာ စိတ်၊ ပဋိသန္ဓေစိတ်၊ နာမ်ရုပ်ဆိုတာ သူနဲ့ သဟဇာတဖြစ်တဲ့ နာမ်ရုပ်၊ သဠာယတန, က မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ပဋိသန္ဓေစိတ်မှတစ်ပါး ပဝတ္တိစိတ်ကို ဆိုပါတယ်။

## စန္ဒာငါးပါးနဲ့ တရားနာနေကြတာ

ဖဿတွေ့ထိတာ၊ ဝေဒနာ ခံစားတာ၊ အတူတကွဖြစ်တာတွေလို့မှတ်၊ အခုတရားနာနေတာ ဒီငါးခုအပေါင်းတွေ နာနေကြတာ သဘောကျပလား......(ကျပါပြီ)။ အခု တရားနာနေကြတာ ဒီငါးခု အပေါင်းတွေ နာနေကြတာ...(မှန်ပါ့)။ သဘောပါကြပလား...(ပါ၊ ပါပြီဘုရား)။

တရားနာနေတာ ဘယ်သူတုံး မေးလို့ရှိရင်ဖြင့် နာမ်ရုပ်၊ သညာယတန၊ ဖဿ၊ ဝေဒနာလို့ ပြောကြပါတော့။ တရားနာနေတာက ဘယ်သူပါလိမ့်...(နာမ်ရုပ်၊ သညာယတန၊ ဖဿ၊ ဝေဒနာပါဘုရား)။

ဝိညာဏ်ဘာလို့ မထည့်သတုံးမေးတော့ ဝိညာဏ်က ပဋိသန္ဓေဝိညာဏ်မို့ ပဋိသန္ဓေစိတ်က ပြီးခဲ့ပြီ ချုပ်ပြီ။ သညာယတန ထဲက ဝိညာဏ်ကိုသာယူ၊ မနာယတနကိုသာ ယူတော့မယ်လို့ မှတ်လိုက်တာပေါ့ဗျာနော်...(မှန်ပါ့)။

ဒကာ၊ ဒကာမတို့ ဟောရတော့မယ်ဆိုတော့ သရုပ်က လည်း ထည့်ရသေးတယ်။ တရားဗြုန်းခနဲ ကောက်ဟောလို့ မရဘဲ ဖြစ်နေတယ်။ ဒါဖြင့် ဒကာ၊ ဒကာမတွေမှာ နာမ်နဲ့ရုပ်တွေရှိရဲ့လား... (ရှိပါတယ်ဘုရား)။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ကော... (ရှိပါတယ်ဘုရား)။ ဖဿဆိုတဲ့ တွေ့ထိတတ်တဲ့ သဘောကော... (ရှိပါတယ်ဘုရား)။ ခံစားတတ်တဲ့ ဝေဒနာသုံးမျိုးကော...(ရှိပါတယ်

ဘုရား)။

အဲဒါကိုတဲ့ ရုပ်နာမ်လောကလို့ မှတ်လိုက်စမ်းပါ...(မှန်ပါ့)။ အခု တရားနာနေကြတာသည် ဘယ်သူတွေတုံး မေးတော့...(နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတွေပါဘုရား)။ ရှင်းကြပလား... (ရှင်းပါပြီ)၊ တရားနာနေတာ ဘယ်သူပါလိမ့်...(နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါဘုရား)၊ ...နာမ်ရုပ်လည်း ပါတယ်နော် ...(ပါ,ပါတယ်ဘုရား)။

သဠာယတနဆိုတဲ့ မျက်စိရုပ်၊ နားရုပ်၊ နှာခေါင်းရုပ်၊ လျှာရုပ်၊ ကိုယ်ရုပ်တွေကော...(ပါ,ပါတယ်ဘုရား)၊ မနာယတနဆိုတဲ့ စိတ်ကော...(ပါ,ပါတယ်)။ သူနဲ့ သဟဇာတဖြစ်တဲ့ ဖဿကော... (ပါ,ပါတယ်)။ တရားနဲ့ နားနဲ့လည်း တွေ့သေးတာကိုးဗျ...(မှန်ပါ့)၊ ဝေဒနာကော ဆရာဘုန်းကြီးဟောတာ ကောင်းတယ် ဆိုးတယ် ဆိုတာ ဝေဖန်တဲ့ ဝေဒနာကော မပါဘူးလား...(ပါ,ပါတယ်ဘုရား)။ ဒါဖြင့် အခုတရားနာနေတာ၊ ဘယ်သူပါလိမ့်မတုံးမေးတော့...(နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါက ဘာဟောတာတုံးလို့ မေးလိုက်တဲ့အခါကျတော့ ဒကာ၊ ဒကာမတွေ မှတ်လိုက်တာပေါ့။ တရားနာနေတာ ယောက်ျား မှပါ၊ မိန်းမမပါ သိအောင်လို့ ဟောလိုက်တယ်...(မှန်ပါ့)၊ ယောက်ျား၊ မိန်းမ ပါသေးလား...(မပါ,ပါဘုရား)။ ဘယ်သူပါလိမ့် ဗျာ...(နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ) ရှင်းကြပလား... (ရှင်းပါပြီ)။

## ဒိဋ္ဌိဖြုတ်ပေးနေတာ

ဒါက ဒိဋ္ဌိဖြုတ်ပေးတာပါတဲ့။ အဂ္ဂဝစ္ဆမဟောခင် ဒီ နာမ် ရုပ်၊ သညာယတန၊ ဖဿ၊ ဝေဒနာဟာ ဒကာ၊ ဒကာမတို့ ဒါတွေနဲ့ တရားနာနေတယ်ဆိုတာ သိကြပလား...(သိပါပြီ ဘုရား)။

ယောက်ျားတွေ မိန်းမတွေများ ဒီအထဲမှာ အခေါ်သာပါ၍ အရှိက ဒါပဲ မှတ်လိုက်ကြတာပေါ့...(မှန်ပါ့)။

အခေါ်တော့ ယောက်ျားတွေလည်းပါတယ်။ တရားနာတာ မိန်းမတွေကော...(ပါ,ပါတယ်ဘုရား)။ အရှိကတော့ဖြင့် ဘာပါလိမ့်... (နာမ်ရုပ်၊ သညာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား)။

ဩော်... ဒါက ဆရာဘုန်းကြီးက တရားမဟောမီ ရှေ့အဖို့ အဂ္ဂဝစ္ဆ မဟောမီ ရှေ့အဖို့ကာလ၌ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဘာလုပ်လိုက်တာတုံးဆိုတော့ ဒိဋ္ဌိခွာပေးလိုက်တာ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီ)။

ယောက်ျားကော ပါသေးသလား...(မပါပါဘုရား)

မိန်းမကော...(မပါ,ပါဘုရား)။

ပုဂ္ဂိုလ်တွေကော...(မပါ,ပါဘုရား)

သတ္တဝါတွေကော...(မပါ,ပါဘုရား)

ဒါဖြင့် ဘာတွေပါလိမ့်...(နာမ်ရုပ်၊ သညာယတန၊ ဖဿ၊ ဝေဒနာတွေပါဘုရား) ဩော်...ဒါတွေက တရားနာနေတာ... (မှန်ပါ့)။

ဒါတွေက တရားနာနေတာ သိတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ၌...တဲ့၊ ဒိဋ္ဌိပြုတ်ပါတယ်။ ငါတရားနာတာ မဟုတ်တော့ဘူး။ နာမ်ရုပ်အလုပ်၊ သဒ္ဒါယတန၏...(အလုပ်)၊ ဖဿ၏ ...(အလုပ်)၊ ဝေဒနာ၏...(အလုပ်)၊ သေချာကြပလား...(သေချာပါပြီ)။

တရားနာနေတာသည် ယောက်ျားတွေလား၊ မိန်းမတွေလား၊ ပုဂ္ဂိုလ်တွေလား၊ သတ္တဝါတွေလား မေးရင် ဘယ့်နှယ်ဖြေကြမလဲ...(မဟုတ်ပါဘုရား)၊ ဘယ်သူပါလိမ့်ဗျာ...(နာမ်ရုပ်၊ သဒ္ဒါယတန၊ ဖဿ၊ ဝေဒနာတွေပါဘုရား)။

## ဒုက္ခသစ္စာတွေ တရားနာနေကြတာ

ဩော်...ဒါဖြင့် ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခသစ္စာက တရားနာနေတာ...(မှန်ပါ့)၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)၊ ဒုက္ခသစ္စာတွေ တရားနာနေကြတာဆိုတော့ ပုဂ္ဂိုလ်သတ္တဝါပြုတ်,မပြုတ်...(ပြုတ်ပါတယ်ဘုရား)။

ကောင်းပြီ။ ဒါက သက်သက် ဒကာ၊ ဒကာမတွေကို ပြောဆိုနေတာ တရားနာရင်း မတ္တနဲ့ ဒိဋ္ဌိပါမှာစိုးလို့ ခွာပေးနေတာလို့သာ မှတ်လိုက်ကြပါတော့...နော်...(မှန်ပါ့)။ ကွာကြပလား ဒိဋ္ဌိ...(ကွာပါတယ်ဘုရား)။

ယောက်ျားတွေ၊ မိန်းမတွေ တရားနာနေတာလား၊ နာမ်ရုပ်၊ သဒ္ဒါယတန၊ ဖဿ၊ ဝေဒနာတွေ အလုပ်လုပ်နေတာလား...(နာမ်

ရုပ်၊ သညာယတန၊ ဖဿ၊ ဝေဒနာတွေ အလုပ်လုပ်နေတာပါဘုရား)။ ရှင်းကြပလား...(ရှင်. ို)။

နာမ်မပါရင်လည်း ခင်ဗျားတို့ ဒီကိုမလာနိုင်ဘူး...(မှန်ပါ့)။ ရုပ်မပါလို့ရှိရင်လည်း ဒီအထည်တွေ ဒီမရောက်ဘူး...(မှန်ပါ့)။

## နာမ်က အစိုင်းသမား၊ ရုပ်က အလုပ်သမား

ဒါဖြင့် နာမ်က အလှမ်းခိုင်း၍ ရုပ်ကလှမ်းပြီးသကာလ ဒီ ရောက်လာကြတယ်...(မှန်ပါ့)။ သဘောကျပလား...(ကျပါပြီဘုရား)၊ မျက်စိကော လမ်းကြည့်ခဲ့ကြသေးသလား...(ကြည့်ခဲ့ပါတယ်ဘုရား)။ ဟော ဒါဖြင့် သညာယတနကြောင့်လည်း ရောက်တယ်၊ ခင်ဗျားတို့၊ မဟုတ်ဘူးလား...(မှန်ပါ့ဘုရား)။

ဖဿကလည်း ကတ္တရာစေးလမ်းပေါ်မှာ ခြေထောက် ကလေးနဲ့ ထိမှန်းသိကြရဲ့လား...(သိပါတယ်ဘုရား)၊ ဟာ ဒါဖြင့် ဖဿကလည်း ပါတယ်...(မှန်ပါ့)။ ဒီလမ်းက ချောတယ်။ ဒီလမ်းက မချောဘူးလို့ကော လမ်းမှာ မဝေဖန်ကြဘူးလား...(ဝေဖန်ပါတယ်)။ ဒါဖြင့် ဝေဒနာလည်း ပါတယ်...(မှန်ပါ့)။ မပါဘူးလား...(ပါ,ပါတယ် ဘုရား)၊ ဒါဖြင့် တရားနာလာကြတာ ဘယ်သူတွေတုံးမေးရင် ဘယ့်နှယ်ဖြေကြမလဲ...(နာမ်ရုပ်၊ သညာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား)။ ဖဿဝေဒနာ ရှင်းသွားပြီ ...(မှန်ပါ့ဘုရား)။

ဒါ စာဆိုအစဉ်ပြတာလား၊ ခင်ဗျားတို့ ခန္ဓာမှာ လာတုန်း က ဒါတွေ အကုန်ပါတယ်ဆိုတာ သိရအောင်လို့ ဟောလိုက်ခြင်း

ဖြစ်ပါတယ်...(မှန်ပါ့)။ သဘောပါကြပလား...(ပါ,ပါတယ်)။

## ပဋိစ္စသမုပ္ပာဒ် မူတည်ပြီး နိဗ္ဗာန်ဟောရမှာ

ဒါ...ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက နိဗ္ဗာန်ဟောမယ် ဆိုပြီးသကာလ အခု သူ့ပဋိစ္စသမုပ္ပာဒ်ကြီး ပြန်ကိုင်နေပြန်ပြီလို့ ထင်ချင်လည်း ထင်လိမ့်မယ်နော်။ မထင်ကြပါနဲ့...တဲ့။ ဒီဟာကို မူတည်ပြီး သကာလ နိဗ္ဗာန်ဟောရမှာ။ သဘောပါကြရဲ့လား... (ပါ,ပါတယ်ဘုရား)။

နောက်က ဒကာ၊ ဒကာမတွေ မြင်ကြရဲ့လား။ မမြင်ကြရင် ခင်ဗျားတို့ကို ဝေထားတဲ့ စက္ကူစာရွက်ကို ပြန်ကြည့်ကြပါ။

ဒါဖြင့် ဒီဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ တွေသည် တရားနာနေတယ်ဆိုတာ သူတို့အလုပ်ပဲဆိုတာ ပေါ်ကြ ပလား...(ပေါ်ပါပြီ)။

ဩော်...ဒီ ဒကာ၊ ဒကာမတွေ ဘယ်ကလာပြီး တရားနာ ကြသတုံးလို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့ အမြင်ကတော့ ပြော မှာပဲ။ ဒီနားတစ်ဝိုက်ကပါပဲ ဘုရား။ မပြောကြဘူးလား...(ပြောကြ ပါတယ်ဘုရား)။

မဟုတ်ပါဘူး။ ဒီနားတစ်ဝိုက်က လာတာမဟုတ်ပါဘူး။ ဒကာ၊ ဒကာမတို့ ရှေးဘဝက မသိတဲ့ အဝိဇ္ဇာ၊ ရှေးဘဝက ပြုပြင် တဲ့ ပုညာဘိသင်္ခါရကြောင့် ဒီဘဝမှာ ခုနကပြောခဲ့တဲ့ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ပေါ်လာတာပါ။ ဒီက လာခဲ့ကြတာ ပါ။ အတိတ်ဘဝက လာခဲ့ကြတာ၊ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

## အတိတ်ဘဝက လာခဲ့ကြတာ

ဘယ်က လာခဲ့ကြသတုံး...(အတိတ်ဘဝက လာခဲ့တာပါ) အတိတ်ဘဝက အဝိဇ္ဇာသင်္ခါရ ပြုလုပ်ချက်ကြောင့် တပည့်တော်တို့ ဒီဘဝ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပေါ်ပါတယ်ဘုရား၊ မရှင်းသေးဘူးလား...(ရှင်းပါပြီ)၊ ရှင်းတော့ ခင်ဗျားတို့ ဘယ်က လာခဲ့သတုံးဆိုတော့ အဝိဇ္ဇာသင်္ခါရက လာခဲ့တယ်ဘုရား၊ ဖြေလိုက်ပေါ့။

ဒကာ၊ ဒကာမတွေ ဘယ်ကလာခဲ့ကြသတုံး...(အဝိဇ္ဇာသင်္ခါရက လာခဲ့ပါတယ်ဘုရား)။

ကိုယ့်အိမ် ကိုယ့်ယာက လာတယ်ဆိုတော့ ရောက်ပြီးသားပြောတာ။ တကယ်လာရင်း စစ်စစ်ကိုမေးတော့ အဝိဇ္ဇာသင်္ခါရက လာခဲ့ တာ...(မှန်ပါ့ဘုရား)။ ရိပ်မိပလား...(ရိပ်မိပါပြီ)။

ဘယ်ကလာခဲ့ကြသတုံး...(အဝိဇ္ဇာသင်္ခါရက လာခဲ့တာပါ) ဦးညွှန့် ကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား)။ ဒကာ၊ ဒကာမတွေ မသိတာက အဝိဇ္ဇာ၊ ပြုလုပ်တာက သင်္ခါရ သဘောကျပလား... (ကျပါပြီဘုရား)။

မသိတာက...(အဝိဇ္ဇာပါဘုရား)။

ပြုလုပ်တာက...(သင်္ခါရပါဘုရား)။

သြော်...သင်္ခါရကြောင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဖြစ်တယ်ဆိုတာ မသေချာဘူးလား...(သေချာပါတယ်

ဘုရား)။

## သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ သင်္ခါရ

ဒါဖြင့် ဒကာ၊ ဒကာမတွေ အတိတ်ဘဝက ငါဘာများ ဖြစ်ခဲ့ပါလိမ့်မတုံးဆိုတဲ့ ယုံမှားသံသယရှိသေးရဲ့လား...(မရှိပါဘုရား)၊ ခန္ဓာထဲမှာ သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ သင်္ခါရဖြစ်ခဲ့ကြတာ ပေါ်ကြပလား ...(ပေါ်ပါပြီ)။ ဘာဖြစ်ခဲ့သတုံး...(သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ သင်္ခါရ ဖြစ်ခဲ့ပါတယ်ဘုရား)။

ဒါဖြင့် တိုတိုပြောကြစို့၊ အဝိဇ္ဇာသင်္ခါရကြောင့် တပည့်တော်တို့ ဒီဘဝ၌ ဝိညာဏ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဖြစ်ပါတယ်ဆိုတာ ကျေကျေနပ်နပ် သဘောကျပလား...(ကျပါပြီ)။

## ယုံမှားခြင်း ပျောက်ပေးနေတာ

ခင်ဗျားတို့ ဒီဘဝမှာ သိကြား၊ ဗြဟ္မာ၊ ဘုရားလာပြီး ဖန်ဆင်းလို့ တပည့်တော်တို့ အခုတရားနာတဲ့ ဝိညာဏ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဖြစ်တာလား၊ အဝိဇ္ဇာသင်္ခါရကြောင့် ဖြစ်တာလား...(အဝိဇ္ဇာသင်္ခါရကြောင့် ဖြစ်တာပါဘုရား)။

ဒါဖြင့် ဒါက ဘာကိုဟောလိုက်ပါလိမ့်မတုံးလို့ မေးတော့ ယုံမှားခြင်းပျောက်လိုက်တာ...(မှန်ပါ့)၊ ဝိစိကိစ္ဆာ သတ်လိုက်တာ ...(မှန်ပါ့ဘုရား)။

ဩော်...ငါက ဘယ်ကများလာလို့ ဒီရောက်လာပါလိမ့် မတုံးလို့ ကိုယ့်ဟာကိုယ် သံသယဖြစ်မှာစိုးလို့ မသိတဲ့ အဝိဇ္ဇာကြောင့် ပြုချင်တဲ့ ကုသိုလ်တွေပြုလို့ ရောက်ချင်သလို ရောက်လာတဲ့ ဒုက္ခသစ္စာခန္ဓာကြီးပေါ်လာတယ်...(မှန်ပါ့)၊ ရှင်းသွားကြပလား... (ရှင်းသွားပါပြီ)။

## အဝိဇ္ဇာ သင်္ခါရက လာခဲ့ကြပါတယ်

ဒါဖြင့် ရှေးဘဝက လာပုံချင်းမှာ ဒကာ၊ ဒကာမတွေ ဒီအထဲမှာ မတွေ့ကြဘူးလား...(တွေ့ပါတယ်ဘုရား)။ ဘယ်က လာကြသတုံး...(အဝိဇ္ဇာသင်္ခါရက လာပါတယ်)။ ယခု ဘာနဲ့နေကြသတုံး ...(ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ဖဿ၊ ဝေဒနာနဲ့ နေပါတယ် ဘုရား)။

ဒါက ဘာပေါ်လိုက်တာတုံးဆိုတာကော ရိပ်မိပလား... (ရိပ်မိပါပြီ) ဝိစိကိစ္ဆာ သတ်လိုက်တာ၊ ရှင်းပလား...(ရှင်းပါပြီ)။ သူများပြောတာလား၊ ခင်ဗျားတို့ လာရင်း အကြောင်းအကျိုး ဆက်ပြတာလား...(လာရင်းအကြောင်းအကျိုးဆက်ပြတာပါဘုရား)၊ လာရင်းအကြောင်းနဲ့ ယခု ရ,ထားတဲ့ အကျိုးဆက်ပြတယ်...(မှန်ပါ့)၊ သဘောပါပလား...(ပါ,ပါတယ်)။ ကောင်းပြီ ဒါဖြင့် သခင်ဝတင် ရှင်းပလား...(မှန်ပါ့ဘုရား)။ တိုးတိုးပြောစမ်းပါ။ ရှင်းပြီ၊ ရှင်းပြီ။

ကိုင်း…ဒါဖြင့် ဒကာ၊ ဒကာမတို့ ခင်ဗျားတို့ ဩော်… ငါတို့ ဘယ်ကများ လာခဲ့ပါလိမ့်မတုံးဆိုတာ သိပလား…(သိပါပြီ ဘုရား)။ အတိတ်ဘဝက ဘာနဲ့လာခဲ့ကြသတုံး…(အဝိဇ္ဇာနဲ့ လာခဲ့ ပါတယ်)

ဩော်…ယခုရောက်တော့ လူအဖြစ်နဲ့ ရောက်လာသလား၊ နတ်အဖြစ်နဲ့ ရောက်လာတာလား၊ ဗြဟ္မာအဖြစ်နဲ့ ရောက်လာ သလား…(လူအဖြစ်နဲ့ ရောက်လာပါတယ်ဘုရား)။

မဆိုနဲ့တဲ့။ လူ့ကိုမပါဘူးကြည့်…(ဝိညာဏ်နဲ့ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ပါရဲ့လား…(မပါ,ပါဘုရား)။ ဒါက ခင်ဗျားတို့ချင်း သမုတိသစ္စာ၊ ကွာ၊ လူနဲ့တူအောင် ပုံသဏ္ဌာန် ဖန်ဆင်းပြီး တို့…လူခေါ်ကြစို့ဆိုပြီး လူဖြစ်ရတာ။

ချိုပေါက်တာကျတော့ နွားမို့ နွားခေါ်ကြတယ်…(မှန်ပါ့)

## ပုံသဏ္ဌာန်ကွဲနေတာ၊ လာပုံခြင်း အတူတူပါပဲ

စင်စစ်တော့ သူတို့ကလည်း ဒါကလာတာပဲ။ ခင်ဗျားတို့ ဒါက လာလို့ ဒါဖြစ်တာပဲ။ သဘောကျပလား…(ကျပါပြီ)။ သို့သော် သမုတိသစ္စာမို့ ပုံသဏ္ဌာန်ခွဲပြီး လူရယ်၊ နွားရယ်၊ ကျွဲရယ်လို့ ခွဲ တာ၊ လာပုံချင်းကတော့ ဘယ့်နှယ်နေသလဲ…(အတူတူပါဘုရား) ရပ်ပုံချင်းကကော…(အတူတူပါပဲ)။ အတူတူပဲဆိုတာ သေချာပလား… (သေချာပါပြီ)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီအကြောင်းနှစ်ခုကြောင့် ဒီအကျိုးငါးခုဖြစ်တာပဲ။ သေချာကြပလား…(သေချာပါပြီ)။

ဒီဒမ္မကြောင်းနှစ်ခုကြောင့်...(ဒီအကျိုးငါးခု ပေါ်လာပါ ့ယ်)။

အတိတ်အကြောင်းနှစ်ခုကြောင့် ပစ္စုပ္ပန်အကျိုး ...(ငါးခုဖြစ်ပါတယ်ဘုရား)။ ငါးခုဖြစ်တယ်ဆိုတာ သေချာပလား...(သေချာပါတယ်ဘုရား)။

ဒါဖြင့် ရှေးဘဝက ငါဘာဖြစ်ပါလိမ့်မတုံးဆိုတာ ရှိသေးရဲ့လား...(မရှိပါဘုရား။ ရှေးဘဝက ငါမသိတဲ့ အဝိဇ္ဇာနဲ့ သင်္ခါရလုပ်ခဲ့တယ်။ ရှင်းပလား...(ရှင်းပါပြီ)။ ယခုဘဝ ငါယောကျ်ားလား၊ မိန်းမလား မေးတော့ ဘယ့်နှယ်ဖြေကြမလဲ...(မဟုတ်ပါဘုရား) ဘယ်သူပါလိမ့်ဗျာ...(ဝိညာဏ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါဘုရား)။ ရှင်းပလား...(ရှင်းပါပြီဘုရား)။ ဒါဖြင့် ဒီအကြောင်းနဲ့ ဒီအကျိုးကော ဆက်ပြီလား...(ဆက်ပါပြီဘုရား)။

အဝိဇ္ဇာသင်္ခါရတို့၏ အလုပ်ကြောင့် ဒါပေါ်လာ...(မှန်ပါ့)။ ရှင်းပလား...(ရှင်းပါပြီ)။ သူများဖန်ဆင်းလို့ ဖြစ်တာမဟုတ်ဘူး။

## အကြောင်းအကျိုးဆက်ပေးနေတာ

ဒါက ဘာသတ်လိုက်တယ်ထင်သလဲ...(ယုံမှားခြင်း ဝိစိကိစ္ဆာသတ်လိုက်တယ်)။ ဟောဒီအကြောင်းနဲ့ ဒီအကျိုး ဒီအဆက်ကလေးကို ပြလိုက်သဖြင့် ဒီအဆက်ကလေးဟာ သာမညအဆက်လို့ မမှတ်ပါနဲ့။ ဒီအကြောင်းနဲ့ ဒီအကျိုးဆက်တယ်လို့ပြောတာ၊ ပေါ်ကြပလား...(ပေါ်ပါပြီ)။

ဒီမြားကလေးဟာ ဘာတဲ့လဲ ဒကာ၊ ဒကာမတို့... (အကြောင်းအကျိုး ဆက်ကြောင်းပါဘုရား)။ အတိတ်ကြောင်းနဲ့ ပစ္စုပ္ပန်အကျိုးဆက်တယ်။ ဘယ်သူမှ ဖန်ဆင်းတာမဟုတ်ဘူး။ ရိပ်မိပလား...(ရိပ်မိပါပြီ)။

အကြောင်းကြောင့် အကျိုးပေါ်တယ်၊ သဘောပါကြပလား ...(ပါ,ပါပြီဘုရား)။

## အတိတ်အကြောင်း၊ ပစ္စုပ္ပန်အကျိုး

အကြောင်းကြောင့် (အကျိုးပေါ်တယ်)၊ အကျိုးပေါ်တယ်၊ ရှင်းပါပြီနော်...(ရှင်းပါပြီ)။ ဒါဖြင့် အတိတ်ဘဝကလည်း ငါဘာပါလိမ့် မတုံးဆိုတော့ အကြောင်း၊ ယခု ပစ္စုပ္ပန်ဘဝ ဘာပါလိမ့်မတုံး မေးတော့...(အကျိုးပါ)။

အကျိုးကို ဝေဖန်လိုက်တော့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပဲ...(မှန်ပါ့)၊ အကြောင်းဝေဖန်လိုက် တော့ အဝိဇ္ဇာသင်္ခါရပဲရှိတယ်၊ သဘောပါကြပလား...(ပါ,ပါပြီ)။

## ဒိဋ္ဌိစွာပေးနေတာ

ကောင်းပြီ။ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒိဋ္ဌိလည်း သေသွား ပြီ၊ မသေသေးဘူးလား...(သေသွားပြီဘုရား)။

ယခု တရားနာနေတာ ဘယ်သူတုံး မေးလိုက်တယ်၊ ပြန်မေးတယ်... (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတွေပါ) ဟာ...ဒါဖြင့် ယောက်ျား၊ မိန်းမ တရားနာနေတာ မဟုတ်ဘူး၊ သူတို့ပဲ ရိပ်မိပလား...(ရိပ်မိပါပြီ)။

ဒါက ဒိဋ္ဌိခွာလိုက်တာ ဒီတရားတွေဟာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အလိုလိုပေါ်တာလား...ဒီအကြောင်း နှစ်ခုပြုပြင်တာလား...(ဒီအကြောင်းနှစ်ခု ပြုပြင်တာပါဘုရား)။ ရှင်းပြီနော်...(မှန်ပါ)။

ဒါဖြင့် အကြောင်းကြောင့် အကျိုး၊ သဘောပါကြပလား ...(ပါပါတယ်ဘုရား)၊ အကြောင်းကြောင့်...(အကျိုးပေါ်ပါတယ်)၊ အကြောင်းကြောင့် အကျိုးဆိုသဖြင့်တဲ့၊ ဒကာ၊ ဒကာမတို့ ဒါ သိကြားလည်းမဟုတ်ဘူး၊ ဒါ ဗြဟ္မာလည်းမဟုတ်ဘူး၊ ဒါဂေါ့ဒ်လည်း မဟုတ်ဘူး၊ သဘောကျပလား...(မှန်ပါ)၊ ဟုတ်ကြရဲ့လား... (မဟုတ်ပါဘုရား)၊ အဝိဇ္ဇာသင်္ခါရပဲ...(မှန်ပါ) အဝိဇ္ဇာကြောင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဖြစ်တာပဲရှိတယ်... (မှန်ပါ)။

ဒါတွေ ပစ္စုပ္ပန်ဘဝမဟုတ်လား...(ဟုတ်ပါတယ်ဘုရား)။ ဒါတွေ အတိတ်ဘဝက မဟုတ်လား...(ဟုတ်ပါတယ်ဘုရား)။ အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးဖြစ်တယ်...(မှန်ပါ)၊ သဘောပါကြပလား...(ပါ,ပါပြီ)။ အတိတ်အကြောင်းကြောင့်... (ပစ္စုပ္ပန်အကျိုးဖြစ်ပါတယ်ဘုရား)။

ပစ္စုပ္ပန်အကျိုးဖြစ်လာတော့ ယောက်ျားတွေလား၊ မိန်းမတွေလားမေးလိုက်တယ်...(ယောက်ျား၊ မိန်းမတွေမဟုတ်ပါ ဘုရား၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ) ဒါဖြင့် ယောက်ျား၊ မိန်းမ ပါသေးလား...(မပါ,ပါဘုရား)။

ဩော်...ဒီဘဝမှာ ယောက်ျား၊ မိန်းမ မပါဘူး၊ ဒါတွေပဲလို့ သိရင် ဒိဋ္ဌိကွာတယ်...(မှန်ပါ့)။ ငါဘယ်က လာပါလိမ့်မလဲလို့ ယုံမှားသံသယရှိသေးရဲ့လား...(မရှိပါဘုရား)။

အဝိဇ္ဇာသင်္ခါရ ပြုလုပ်တာဆိုတာ မပေါ်သေးဘူးလား... (ပေါ်ပါပြီဘုရား)။ ပေါ်သဖြင့် ဝိစိကိစ္ဆာ မသေသေးဘူးလား... (သေပါပြီဘုရား)။

ငါဘယ်က လာပါလိမ့်မတုံးဆိုတဲ့ သံသယဟာ ရှိသေးရဲ့လား...(မရှိပါဘုရား)။၏ ဒါဖြင့် ယုံမှားသံသယ မရှိတာကို ဝိစိကိစ္ဆာ သေတယ်။

ဖြစ်ပေါ်နေတာတွေ သိပြန်တော့ ဒိဋ္ဌိသေတယ်၊ ဒိဋ္ဌိဝိစိကိစ္ဆာ သေပြီ...(မှန်ပါ)။

## ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာသေရင် သောတာပန် အငယ်စားဖြစ်ပြီ

တရားနာတာ မကြာသေးပါဘူး။ ဒကာ၊ ဒကာမတို့ အခုနာရီဝက်မရှိသေးပါဘူး။ ဘာသေသွားသတုံး...(ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ သေပါတယ်) ဒိဋ္ဌိဝိစိကိစ္ဆာသေပြီနော်...(မှန်ပါ့)။

အဲဒါကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာကတော့ ဒကာ၊ ဒကာမတို့ သောတာပန် အငယ်စားဖြစ်ပြီလို့ ရေးလိုက်တယ်...(မှန်ပါ့)။

သဘောကျပလား...(ကျပါပြီဘုရား)။

အခု တရားနာတာ နာရီဝက်မပြည့်ပသေးဘူး။ ခင်ဗျားတို့ ဘာဖြစ်တယ်ထင်သတုံး...(သောတာပန်အငယ်စားဖြစ်ပါတယ် ဘုရား)။ ဒါနကြောင့်ဖြစ်တာလား...(မဟုတ်ပါဘုရား)။

သိမှုကြောင့်ဖြစ်တယ်...(မှန်ပါ့၊ သိမှုကြောင့်ဖြစ်တာပါ)။ သီလကြောင့် ဖြစ်တာလား...(မဟုတ်ပါဘုရား)၊ ဘာကြောင့်ဖြစ်ပါလိမ့် ...(သိမှုကြောင့် ဖြစ်ပါတယ်ဘုရား)။ ပေါ်ကြပလား...(ပေါ်ပါပြီ)။

ဒါနကြောင့် ဖြစ်တယ်လို့ မဆိုပါနဲ့။ သိမှုကြောင့်ဖြစ်တယ်... (မှန်ပါ့)။ သဘောပါပလား...(ပါ,ပါပြီ)။ သီလကြောင့် ဖြစ်တာလား မေးရင်...(မဟုတ်ပါဘုရား)။ ဘာကြောင့်ဖြစ်ပါလိမ့်...(သိမှုကြောင့် ဖြစ်တာပါဘုရား)။

## သိမှုဆိုတာ ဉာဏ်

ဩော်... ဒါဖြင့် ဒကာ၊ ဒကာမတို့ သိမှုဆိုတာ ဉာဏ်ပဲ၊ ရှင်းကြပလား...(ရှင်းပါပြီ)၊ သိမှုဆိုတာ ဘာပါလိမ့်..(ဉာဏ်ပါဘုရား)။ ဉာဏ်ပဲဆိုတာ သေချာပလား...(သေချာပါပြီ)။

အဲဒါ သောတာပန်ကလေး၏ ဉာဏ်လို့မှတ်လိုက်... (မှန်ပါ့)။ ဒီနေ့ သောတာပန်ကလေး၏ ဉာဏ်မရသေးဘူးလား... (ရပါပြီဘုရား)။ ရှင်းသွားပလား..(ရှင်းသွားပါပြီ)။

ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာသေပါပလား...မေးရင် ဒကာ၊ ဒကာမ တွေ ဘယ့်နှယ်ဖြေကြမလဲ...(သေပါတယ်ဘုရား)။

အသိဉာဏ်နဲ့သေတာ၊ အပွားဉာဏ်နဲ့သေတာ မဟုတ်သောကြောင့် မဟာသောတာပန် မဖြစ်သေးဘူး၊ သောတာပန်တို့၏ သိပုံချင်းနည်းနည်း အလားတူဖြစ်တာနဲ့ စူဠသောတာပန်လို့ ပြောလိုက်ပါတယ်...(မှန်ပါ့)။

## ဒါလောက်လေးနဲ့ ဘဝင်မမြင့်လိုက်ပါနဲ့

ဒါနဲ့လည်း ဘဝင်မမြင့်လိုက်ပါနဲ့လို့ ပြန်ကန့်ကွက်တယ်... (မှန်ပါ့)။ သဘောကျပလား...(ကျပါပြီ)။ စူဠသောတာပန်တော့ မဖြစ်သေးဘူးလား...(ဖြစ်ပါပြီ)။

ဒီအကြောင်းနဲ့ ဒီအကျိုးဆက်တာ သိရင် ဝိစိကိစ္ဆာ သေတယ်။

အကျိုးထဲမှာ ပုဂ္ဂိုလ်သတ္တဝါ မပါတာသိရင် ဒိဋ္ဌိသေတယ် ... (မှန်ပါ့)။ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာ မသေသေးဘူးလား...(သေပါတယ်ဘုရား)။ ဘာ သောတာပန်ဖြစ်သတဲ့...(စူဠသောတာပန်ဖြစ်ပါတယ်)။ ဒါက တရားနာနေရင်းဖြစ်တာလို့ မှတ်လိုက်စမ်းပါ...(မှန်ပါ့)။

ဒီစူဠသောတာပန်သည် သေသည်၏ အခြားမဲ့၌ ဂတိမြဲသလားလို့ မေးတဲ့အခါကျတော့ ဝေဒနာသာဃာရင် တဏှာလာလိမ့်မယ်။ တဏှာလာရင် ဥပါဒါန်မလာပေဘူးလား...(လာပါတယ်ဘုရား)။ ဥပါဒါန်လာရင်...(ကမ္မဘဝ လာပါမယ်)။

ကမ္ဘာဝလာလို့ရှိရင်ဖြင့် ဇာတိဆိုတဲ့ အပါယ်လေးပါး ဖြစ်နိုင်ပါသေးတယ်...(မှန်ပါ့)။ မဖြစ်နိုင်ဘူးလား...(ဖြစ်နိုင်ပါတယ် ဘုရား)။

ဒါကြောင့် ဒါလောက်ကလေးနဲ့ သူများပြောနဲ့ ခင်ဗျားတို့ က ကျုပ်တို့တော့ဖြင့် အပါယ်တံခါးပိတ်ပြီ၊ တစ်ဘဝတော့ စူဠ သောတာပန်ဖြစ်ပြီလို့ ပြန်မသွားနဲ့ဦး။ မဟာသောတာပန်ဖြစ်အောင် ဟောလိမ့်မယ်၊ ရိပ်မိပလား...(ရိပ်မိပါပြီ)။

စူဠသောတာပန်နဲ့ ကျေနပ်ကြပလား...(မကျေနပ်သေးပါ ဘုရား)။ တယ်လည်းလောဘကြီးပါလား ခင်ဗျားတို့။

ကိုင်း...ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒါက အင်မတန်အရေး ကြီးပြီးနေလို့ ဒီနှစ်ခုထည့်လိုက်ပါတယ်။ ဒိဋ္ဌိသေပုံ၊ ဝိစိကိစ္ဆာသေပုံ ပြောပါတယ်နော်...(မှန်ပါ့)။ ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

## နိဗ္ဗာန်ကိုဟောတဲ့ အင်္ဂဝစ္ဆ ဝတ္ထု

ကိုင်း...အင်္ဂဝစ္ဆ ဇာတ်ထုပ်ကို ခင်ဗျားတို့ကို သေသေချာ ချာ ဟောပါတော့မယ်။ နိဗ္ဗာန်ကိုဟောတဲ့ ဝတ္ထုလို့ မှတ်လိုက်စမ်းပါ။ ဘာဟောတဲ့ ဝတ္ထုပါလိမ့်...(နိဗ္ဗာန်ကိုဟောတဲ့ ဝတ္ထုပါဘုရား)။ နိဗ္ဗာန် ကို ဟောတဲ့ဝတ္ထုလို့ သေသေချာချာမှတ်ပါ။ ဘယ်သူဟောသတုံး မေးရင် ဘယ့်နှယ်ဖြေမယ်...(ဘုရားဟောပါတယ်ဘုရား)။

ဘုရားက အလိုလိုဟောတာလား။ အမေးရှိလို့ ဟောတာ လား...(အမေးရှိလို့ ဟောတာပါဘုရား)။

## နိဗ္ဗာန်ကို မြင်ပြီးသားပုဂ္ဂိုလ်က ဟောနေတာ

ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ်က ဟောနေတာလား…နိဗ္ဗာန်မြင်ပြီးသားပုဂ္ဂိုလ်က ဟောတာလား…(မြင်ပြီးသားပုဂ္ဂိုလ်က ဟောတာပါဘုရား)။

ဒါဖြင့် စိတ်ချတော့ စိတ်ချတော့ နိဗ္ဗာန်အကြောင်းရှင်းတော့မှာပဲ။ သဘောပါသလား…(ပါ,ပါတယ်ဘုရား)။ နိဗ္ဗာန်မြင်ပြီးသားပုဂ္ဂိုလ်က ဟောတာနော်…(မှန်ပါ့)။

ရောက်ပြီးသား ပုဂ္ဂိုလ်က မဟောနိုင်ဘူး…(မှန်ပါ့)။ ရိပ်မိကြပလား…(ရိပ်မိပါတယ်)။

မြင်ပြီးသားပုဂ္ဂိုလ်ကတော့…(ဟောနိုင်ပါတယ်)။ ရောက်ပြီးသားပုဂ္ဂိုလ်က…(မဟောနိုင်ပါဘုရား)။

အဲဒါလည်း ခွဲထားရသေးတယ်…(မှန်ပါ့)။ ဒါလည်း ခွဲထားဦးမှဖြစ်မှာ။ နို့မို့လို့ရှိရင် နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်က ပြန်လာတဲ့အဓိပ္ပာယ်ဖြစ်ဦးမှာ။ ခင်ဗျားတို့ဟာက သဘောပါရဲ့လား…(ပါ,ပါတယ်ဘုရား)။

ဒါဖြင့် ခုဟောတဲ့ ဂေါတမမြတ်စွာဘုရားသည် ဒကာ၊ ဒကာမတို့ နိဗ္ဗာန်ရောက်သွားပလားတဲ့။ မြင်တုန်း ဟောနေတာလား…(မြင်တုန်းဟောနေတာပါဘုရား)။ ရောက်သွားရင် ဟောနိုင်ပါ့မလား… (မဟောနိုင်ပါဘုရား)။

ရောက်သွားလို့ရှိရင် ဒကာ၊ ဒကာမတို့ ရုပ်နာမ်ပါ ချုပ်ငြိမ်းသွားတဲ့အတွက် ဟောနိုင်သေးရဲ့လား…(မဟောနိုင်ပါဘုရား)။

## ပရိနိဗ္ဗာန်မစံခင် ပျောသွားတာ

ဒါဖြင့် ဘုရားကိုယ်တော်မြတ်ကြီးသည် ဘယ်အချိန် နိဗ္ဗာန် ပျောသွားပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ဒကာ၊ ဒကာမတို့ ပရိနိဗ္ဗာန်မစံခင် ပျောသွားတာ၊ ရှင်းပလား...(ရှင်းပါပြီ)။ နိဗ္ဗာန် ဘယ်အချိန်များ ပျောပါလိမ့်...(ပရိနိဗ္ဗာန်မစံမီ ပျောပါတယ်) စံတဲ့ ပုဂ္ဂိုလ်က ခင်ဗျားတို့ကို လာပျောသေးသလား...(မပျောပါဘုရား)။

ဒါဖြင့်...တဲ့။ နိဗ္ဗာန်မြင်ရတဲ့ ပုဂ္ဂိုလ်က ပျောတာလို့ မှတ်လိုက်စမ်းပါ...(မှန်ပါ့ဘုရား)။ ရောက်တဲ့ပုဂ္ဂိုလ်က ပျောတယ်လို့ မယူနဲ့။ သခင်ဝတင် ဒါပဲဒီအတိုင်းမှ မှန်မယ်...(မှန်ပါ့)။ သဘော ပါကြပလား...(ပါ,ပါတယ်ဘုရား)။ နိဗ္ဗာန်ဟာ ရောက်ပြီးသားပုဂ္ဂိုလ် က ပျောနိုင်သလား...(မပျောနိုင်ပါဘုရား)။ မြင်တဲ့ပုဂ္ဂိုလ်ကသာ ပျောနိုင်တယ်...(မှန်ပါ့)။ ပေါ်ကြပလား...(ပေါ်ပါပြီ)။

နိဗ္ဗာန်ဘယ်ပုဂ္ဂိုလ်က ပျောသွားပါလိမ့်...(မြင်တဲ့ပုဂ္ဂိုလ်က ပျောပါတယ်ဘုရား)။ ရောက်တဲ့ပုဂ္ဂိုလ်က...(မပျောနိုင်ပါဘုရား)။

ဟ...ဘယ့်နှယ်ကြောင့် မပျောနိုင်တုံးဆိုတော့ နာမ်ရုပ်သိမ်း သွားလို့...(မှန်ပါ့)။ အသံလည်း ဒကာ၊ ဒကာမတို့ သိတဲ့အတိုင်း ရုပ်ပဲ။ ပျောချင်တာက စိတ်၊ စိတ်ကလည်း မရှိတော့ဘူး။ အသံရုပ် ကကော ဖြစ်ပါဦးမလား...(မဖြစ်ပါဘုရား)။

ဒါဖြင့် ရောက်ပြီးသားပုဂ္ဂိုလ်က...(မပျောနိုင်ပါဘုရား)။ နိဗ္ဗာန်မပျောနိုင်ဘူး။ မြင်ထားတဲ့ ပုဂ္ဂိုလ်က...(ပျောနိုင်ပါတယ်)။ သဘောပါကြပလား...(ပါ,ပါပြီ)။

## သေသေချာချာမြင်ပြီး ခံစားရင်း ဟောတာ

ဒါဖြင့် ဒီဥစ္စာဟာ ဘုရားကိုယ်တော်မြတ်ကြီး ခံစားရင်း ဟောတာလား ဟုတ်လား။ ဘုရားကိုယ်တော်မြတ်ကြီးသည်ကား ဆိုရင် နိဗ္ဗာန်အရသာကို သူသည်ကား မြင်ပြီးသကာလ ဟောတာ လို့ သေသေချာချာမှတ်ပါ။ သေသေချာချာမှတ်ပါ... ရောက်ပြီး သကာလ ဟောတယ်လို့ မယူပါနဲ့... (မှန်ပါ့)။ ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။ နိဗ္ဗာန်ကို...(မြင်ပြီးသကာလ ဟောတာ)။

မြင်ပင် မြင်ငြားသော်လည်း ဟိုနားမှာ မီးနှစ်ပွင့်ထွန်းထား တယ်။ ဒကာ၊ ဒကာမတို့၊ ဩော်...မီးနှစ်ပွင့်လို့တော့ မသိဘူးလား ...(သိပါတယ်) ဒီလိုမြင်တာ သူ့ဟာက...(မှန်ပါ့)။ ရိပ်မိပလား... (ရိပ်မိပါပြီ)။ ဒီလို ဟိုနားမှာ မီးနှစ်ပွင့် မီးကလေး အခိုင်ကလေးလုပ် ထားတယ်။ ဒီအိမ်က ဒကာ၊ ဒကာမတွေကဆိုတော့၊ ဩော်...သူ သည်ကားလို့ ဆိုရင်ဖြင့် သေသေချာချာမြင်ပြီး ပြောတာပဲ။ သဘော ကျပလား...(ကျပါပြီဘုရား)။ သေသေချာချာ...(မြင်ပြီးမှ ဟောတာ ပါ)။ ရောက်ရင်တော့လည်း ခန္ဓာနာမ်ရုပ်ချုပ်လို့ မဟောနိုင်ဘူး၊ ဟောနိုင်ပါ့မလား...(မဟောနိုင်ပါဘုရား)။

ဒါဖြင့် ဒီကိုယ်တော်ကြီး သတ္တိကော ခင်ဗျားတို့သိကြပလား ...(သိပါပြီ)။ မြင်ပြီးပြတဲ့၊ ဟောတဲ့ကိုယ်တော်ကြီးပေ့၊ သဘောပါ ပလား...(ပါ့ပါပြီဘုရား)။ မြင်ပြီးဟောတဲ့ ကိုယ်တော်ကြီးပေ့ဆိုတာ ကော သဘောပါပြီနော်...(ပါ့ပါပြီဘုရား)။

## အဂ္ဂိဝစ္ဆ မေးပြီ

ကိုင်း...ဒါဖြင့် အဂ္ဂိဝစ္ဆ မေးတာကို ဘုန်းကြီးက စရှင်းမယ်။ အဂ္ဂိဝစ္ဆပုဏ္ဏားက မေးတယ်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်း သီတင်းသုံးနေတုန်း အရှင်ဘုရား... ရုပ်နာမ်လောကကြီးဟာ...ဆိုတော့ ဒါအကုန်ပေါ့ဗျာ။ ဒီငါးခုစလုံးဟာ ရုပ်နာမ်လောကပဲ...(မှန်ပါ့)၊ ပေါင်းလိုက်ရင် ရုပ်နာမ်ပဲရှိတယ်မဟုတ်လား...(မှန်ပါ့)။

ရုပ်နာမ်လောကကြီးဟာ ရှင်ကြီးဂေါတမ မြဲသလားလို့မေးလိုက်တယ်။ စမေးတဲ့ စကားက ဘာတဲ့တုံး ဒကာ၊ ဒကာမတို့...(ရုပ်နာမ်လောကကြီးဟာ မြဲသလားတဲ့)။

အဂ္ဂိဝစ္ဆက မေးလိုက်တော့ ဒီလိုမမေးပါနဲ့ကွာလို့ ဘုရားက ဖြေလိုက်ပါတယ်။

မြဲတယ်လို့ ယူလိုက်လို့ရှိရင် သူ သဿတဘက် ပုဏ္ဏား သွားတော့မယ်။ သဘောကျပလား...(မှန်ပါ့ဘုရား)။

ဒါဖြင့် ဘုရားက ဒီလိုမြဲတယ်လို့ ငါ...အယူမရှိဘူးလို့ ပယ်ချလိုက်တာ...(မှန်လှပါဘုရား)။ ပယ်ချလိုက်တယ်...(မှန်ပါ့ဘုရား)။

ဒီလိုမြဲတယ်လို့ ငါ...အယူမရှိဘူးလို့ ပယ်ချလိုက်တယ်... (မှန်ပါ့)။ သဘောပါပလား...(ပါ,ပါတယ်ဘုရား)။ ပြန်မေးမယ်၊ ပြန်မေးမယ် ဒကာ၊ ဒကာမတို့နော်။ ခင်ဗျားတို့ အကုန်ဖြေပါ။ ခင်ဗျားတို့ ရှင်းသွားအောင်ဖြေပါ။

ဒကာ၊ ဒကာမတို့ ဟောဒီ ရုပ်နာမ်လောကကြီးကို အဂ္ဂိဝစ္ဆက မြဲသလားလို့မေးတော့ ဘုရားက ဘယ်နှယ်ဖြေသလဲ။ မြဲသလားလို့ အဂ္ဂိဝစ္ဆက မေးတဲ့အခါကျလို့ ရှိရင်ဖြင့် "သဿတော လောကော" ကိုးဗျ။ ပါဠိလိုသုံးတော့နော်...(မှန်ပါ့)။

ဒီအယူ ငါမယူပါဘူးကွတဲ့။ ပေါ်ကြပလား...(ပေါ်ပါပြီ)။ ဒီအယူကို...(ငါမယူပါဘူးကွ)။ ဒီအယူ ငါမယူဘူးလို့ အဖြေထုတ်လိုက်တယ်။ ပုစ္ဆာတစ်ခု မပြေသေးဘူးလား...(ပြေပါတယ်ဘုရား)။

ဒါ ဘုရားဖြေတာနဲ့ ပုဏ္ဏားမေးတာတင် ဒကာ၊ ဒကာမတွေ မှတ်ပါ။ နောက်ဆုံးပိတ် နိဗ္ဗာန်ရောက်လာလိမ့်မယ်။ သူမေးတဲ့အဆုံး နိဗ္ဗာန်သေသေချာချာရောက်မယ်...(မှန်ပါ့)။

ဒါနဲ့ ပုဏ္ဏားက မကျေနပ်ဘူး။ ဒါဖြင့် အရှင်ဘုရား ရုပ်နာမ်လောကကြီးဟာ မမြဲဘူးလားလို့ မေးလိုက်တယ်...(မှန်ပါ့)။ ဒီအယူလည်း ငါမယူဘူးကွတဲ့။ သဘောပေါက်လား...(ပါ,ပါတယ်ဘုရား)။ ဟောတော့ ဟောဖို့ပါပဲတဲ့။ နာရုပ်လောကဟာ ခင်ဗျားတို့ သိထားတာက မမြဲဘူးဆိုတာ သိတယ်၊ မသိဘူးလား...(သိပါတယ်ဘုရား)။ နာမ်ရုပ်လောကဟာ မြဲသလား...(မမြဲပါဘုရား)။

ဒါနဲ့ ပုဏ္ဏားက မေးတယ်။ ရုပ်နာမ်လောကဟာ မမြဲဘူးလားလို့ ဒုတိယပုစ္ဆာနဲ့ မေးလိုက်တယ်။

ဒီအယူ ငါမယူဘူးကွတဲ့။ ရိပ်မိပလား...(ရိပ်မိပါပြီ)။ မမြဲတဲ့အယူလည်း...(မယူပါဘုရား)။

မမြဲဘူးလို့ ဟောလိုက်ရင်တော့ တည့်တော့ တည့်နေတယ်။ မမြဲရင် အရှင်ဘုရား။ ဒါတွေက ရုပ်နာမ်လောကဆုံးရင်

ဘာမှမရှိဘူးဆိုတော့ ဥစ္ဆေဒဒိဋ္ဌိ ယူသွားလိမ့်မယ်။ ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ကိုင်း... ဘယ်အယူ ပြေးသွားမယ်ထင်သတုံး...(ဥစ္ဆေဒဒိဋ္ဌိဘက်) ဥစ္ဆေဒဒိဋ္ဌိဘက် ပြေးသွားမှာစိုးလို့ ဘုရားက ဟောသင့်တာကို ရှောင်ပစ်လိုက်တယ်။ ရိပ်မိကြပလား...(ရိပ်မိပါပြီ)။

ဟောသင့်တာကို...(ရှောင်ပစ်လိုက်ပါတယ်) ပြန်ပြောမယ် နှစ်ခွန်းတည်းရှိသေးတယ်နော်...(မှန်ပါ့)။ ရုပ်နာမ်လောကကြီးဟာ မြဲသလားဆိုတော့ ဘုရားက ဒီအယူကို...(ငါမယူပါဘူးတဲ့)။

ဒါဖြင့် ရှင်ကြီးဂေါတမ ရုပ်နာမ်လောကကြီးက မမြဲတော့ဘူးလားလို့ မေးလိုက်တယ်။ ဘုရားက ဘယ့်နှယ်ဖြေတုံး...(ဒီအယူ ငါမယူဘူးတဲ့)။

အကယ်၍ မမြဲဘူးလို့ ဟောလိုက်လို့ရှိရင် ပုဏ္ဏားက ဒါတွေ ပျောက်သွားလို့ရှိရင် ဘာမှမရှိတဲ့ ဥစ္ဆေဒဘက် သူယူသွားမယ်၊ မယူသွားဘူးလား၊ ယူမလား...(ယူပါတယ်ဘုရား)။

မြဲတယ်ဆိုရင် သူ သဿတဘက် ယူမယ်...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)၊ မမြဲဘူးလို့ ဘုရားက ပြောလိုက်လို့ သူ ဘယ်ဘက်သွားမယ်ထင်သတုံး...(ဥစ္ဆေဒဘက် သွားပါလိမ့်မယ်)။

## ဒိဋ္ဌိစံနေရင် နိဗ္ဗာန်မရနိုင်

ကြည့်...ဒီ ဒိဋ္ဌိနှစ်ခုခံနေရင် နိဗ္ဗာန်ရပါ့မလား...(မရပါဘုရား)။ ပေါ်ကြပလား...(ပေါ်ပါပြီ)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ အခု ပုစ္ဆာဘယ်နှစ်ချက် ပြီးသွားပလဲ...(နှစ်ချက်ပြီးသွားပါပြီဘုရား)။

တစ်ခါမေးပြန်တယ်။ ပုဏ္ဏား လျှာရှည်တယ်လို့ မယူနဲ့၊ နိဗ္ဗာန်ကို ပေါ်စေချင်လို့မေးနေတာ...(မှန်ပါ့ဘုရား)။ ရုပ်နာမ်လောကဟာ အဆုံးရှိသလားလို့မေးတော့၊ ဒီလိုလည်း ငါအယူမရှိဘူးကွ။ သဘောကျပလား...(မှန်ပါ့၊ ကျပါပြီ)။ ရုပ်နာမ်လောကဟာ အဆုံးရှိသလားလို့ ပုဏ္ဏားကမေးတော့ ဒီအယူ ငါမယူဘူးတဲ့။ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ရုပ်နာမ်လောကဟာ မဆုံးတော့ဘူးလား...လို့ မေးပြန်တယ်။ ပုဏ္ဏားက မေးခွင့်က ကြုံတယ်။ မကြုံဘူးလား... (ကြုံပါတယ်ဘုရား)။

အဲဒီတော့ ဒီအယူလည်း ငါမယူဘူးလို့ဆိုတာ ဒကာ၊ ဒကာမတွေ ဘုရားက အဖြေပေးလိုက်တယ်...(မှန်ပါ့)။ သဘောပါကြလား...(ပါ,ပါတယ်ဘုရား)။

ဒါမပေးဘဲထားလို့ရှိရင် ဒီအယူ ငါယူတယ်ဆိုရင် သဿတနဲ့ ဥစ္ဆေဒတစ်ခုခုတော့ ပုဏ္ဏားယူတော့မယ်...(မှန်ပါ့)။ မယူပေဘူးလား...(ယူပါတယ်ဘုရား)။ အဲဒါကြောင့် အကုန်ပယ်ချနေတယ်။

ကိုင်း...ဒါနဲ့ပဲ ဒါတွေက တစ်လုံးချင်း ပြောမယ်ဆို မဆုံးနိုင်တဲ့အတွက် ဒကာ၊ ဒကာမတွေ နားလည်တဲ့ အမေးကို သူဆယ့်နှစ်ချက်မေးတာ အခု လေးချက်ပြီးသွားပြီ...(ပြီးသွားပါပြီဘုရား)။

နောက်လေးချက်ပဲ ပြောတော့မယ်နော်...(မှန်ပါ)။ ကျန်တဲ့ ဥစ္စာတွေ ခင်ဗျားတို့မှာလည်း ဒီအယူမရှိလို့ ဘုန်းကြီးမဟောတော့ပါဘူး။ နာရီတွေ အလကား စားသွားမှာစိုးလို့နော်...(မှန်ပါ)။ သတ္တဝါ သေရင် ဖြစ်သေးသလားလို့ မေးပြန်တယ်။

ဟ...ဒီအယူ ငါမယူဘူးတဲ့...(မှန်ပါ)။ ဒကာ၊ ဒကာမတွေ အခုမေးလိုက်တာ ဘာတဲ့...(သတ္တဝါသေရင် ဖြစ်သေးသလားတဲ့) ဘုရားက ဘယ့်နှယ်ဖြေသလဲ...(ဒီအယူ ငါမယူဘူးကွာတဲ့)။

ဒီအယူ ငါမယူဘူးတဲ့။ ဒီအထဲ သတ္တဝါ ပါရဲ့လား... (မပါ,ပါဘုရား)။ ဒါကြောင့် ခင်ဗျားတို့ စောစောက ရှင်းထားတာ... (မှန်ပါ)။ ပေါ်ပလား..(ပေါ်ပါပြီဘုရား)။ စောစောက မရှင်းရင် ခင်ဗျားတို့တောင် ရှုပ်တယ်။ ခင်ဗျားတို့တောင် အဂ္ဂိဝစ္ဆဖြစ်တယ်။ မဖြစ်ပေဘူးလား...(ဖြစ်ပါတယ်ဘုရား)။

ဒါကြောင့် စောစောက သိမ်းထားရသေးတယ်။ ဟောမည့်ကြံလို့ရှိရင် ငါ့ ဒကာ၊ ဒကာမတွေနဲ့ ငါနဲ့ လုံးပြီး ရန်ဖြစ်နေချည်ရဲ့လို့၊ အခုတော့ ဖြစ်စရာရှိသေးရဲ့လား...(မရှိပါဘုရား)။

သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးတော့၊ နောက်ထပ်ဖြစ်သေးသလားလို့ မေးတော့ ဘုရားက ဘာတဲ့... (ဒီအယူ ငါမယူပါဘူးတဲ့) သတ္တဝါမှ မရှိဘဲနဲ့ ဖြစ်သေးသလားဆိုတဲ့ စကားမေးဖို့ လိုသေးသလား...(မလိုပါဘုရား)။

ဒါကြောင့် ဒီအယူ ငါမယူဘူးဆိုတာ အဖြေအင်မတန်မှန်သွားတယ်။ မမှန်ဘူးလား...(မှန်ပါတယ်ဘုရား)။

ဒါဖြင့် ပုဏ္ဏားက ဆက်မေးတယ်။ သတ္တဝါသေရင် မဖြစ်တော့ဘူးလားတဲ့ မေးပြန်တယ်...(မှန်ပါ့)၊ ဒီအထဲမှာ သတ္တဝါ ပါရဲ့လား...(မပါ,ပါဘုရား)။

ဒါဖြင့် မဖြစ်တော့ဘူးလား မေးတဲ့စကားဟာ ဒီအယူ ဘုရားက ယူတယ်လို့ဆိုရမှာလား။ မယူဘူးလို့ ဆိုရမှာလား...(မယူဘူးလို့ ဆိုရမှာပါ) ဒါဖြင့် ပြေသွားပြီနော်...(မှန်ပါ့)။

## ကေစ္စသဿတ ဒိဋ္ဌိ

တစ်ခါ သခင်ဝတင် မေးပြန်တယ်။ သတ္တဝါသေလို့ ရှိရင် ဘုရား...တဲ့။ ကတ်တယ်လည်း မအောက်မေ့ပါနဲ့။ ဖြစ်ချည်တစ်လှည့်၊ မဖြစ်ချည်တစ်လှည့်လားလို့ မေးပြန်တယ်။ ရိပ်မိပလား.. (ရိပ်မိပါပြီ)။ ကေစ္စသဿတဒိဋ္ဌိကို သူမေးပြန်တယ်... (မှန်ပါ့)။

ဒီအယူ ငါမယူဘူးကွ...တဲ့။ သဘောကျပလား...(ကျပါပြီဘုရား)။

## အမရာဝိက္ခေပ ဒိဋ္ဌိ

တစ်ခါမေးပြန်တယ်။ ဆက်ပြီး၊ သတ္တဝါသေလို့ရှိရင် မဖြစ်သည်မဟုတ်၊ ဖြစ်သယောင်ယောင်များ ရှိသေးသလားတဲ့။

ဒီအယူလည်း ငါမယူဘူးကွ…(မှန်ပါ)။ အမရာဝိက္ခေပ အယူမေးထားတယ်။ ဒိဋ္ဌိအယူတော့ မဖော်ပါရစေနဲ့တဲ့၊ ဘုန်းကြီး အကုန်လုံး နားလည်တယ်။ ခင်ဗျားတို့ ရှုပ်နေမှာစိုးလို့နော်။ အဲဒါနဲ့ မေးလိုက်တော့ ဒီအယူ မယူဘူးလို့ပဲ ဘုရားက ဖြေလိုက်တယ်။ သဘောကျပလား…(ကျပါပြီ)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ သတ္တဝါသေရင် ဖြစ်သေးသလား …(မဖြစ်ပါဘုရား)။

## ဒိဋ္ဌိရှိနေလို့ အရင်ရှင်းပေးနေတာ

ဒီအယူ မယူဘူးလို့လုပ်ပါ…(ဒီအယူ မယူပါ)။ မဖြစ်ဘူး ဆိုရင် ခင်ဗျားတို့ ဥစ္ဆေဒဖြစ်သွားလိမ့်မယ်။ အတော်ကျပ်သွားလိမ့်ဦး မယ်။ ဒီအယူကို မယူနဲ့…(မှန်ပါ)။ အတော်ခက်တာ။ သတ္တဝါသေ ရင် ဖြစ်သေးသလား..(ဒီအယူ မယူပါဘုရား)။ ဒီအယူ မယူဘူး ဘုန်းကြီးပြောလို့ လိုက်နေတာနော်…(မှန်ပါ)။

ဒီသတ္တဝါတွေ ဘယ်များသွားဖြစ်ပါလိမ့်မတုံးလို့ ခင်ဗျားတို့ မှာကို ဒီအယူရှိတယ်…(မှန်ပါ)။ ရှိတယ် သူတို့မှာ…(ရှိပါတယ် ဘုရား)။ သတ္တဝါတစ်ယောက်တော့ သေသွားပြီ။ ဘယ်များလာ လေသတုံး၊ မလာပေဘူးလား…(လာပါတယ်ဘုရား)။

သတ္တဝါကော ပါရဲ့လား…(မပါ,ပါဘုရား)။ ဘယ်များလာ စရာကော ရှိသေးရဲ့လား…(မရှိပါဘုရား)။

အဲဒါ ခင်ဗျားတို့ကိုက ဒိဋ္ဌိရှိနေလို့ ဒါစောစောကြီးရှင်းပေးနေရတယ်။ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

## ရှင်းပေးစရာတွေ အများကြီး

ဒါကြောင့် ဘုန်းကြီးတရားကို ဘုန်းကြီးတို့က သုံး၊ လေးလ ဟောရမှ ခင်ဗျားတို့မှာ လိုရင်းဆိုက်မယ်...(မှန်ပါ့ဘုရား)။ ရှင်းပေးစရာတွေက နည်းတာတွေမှ မဟုတ်ပဲလားဗျ။ တစ်နေရာမှာ သုံး၊ လေးလ ဟောရမှ သူ့ဟာက အဆင်ပြေသွားမှာ နို့မို့ရင် မပြေဘူးဗျ...(မှန်ပါ့)။

အခုတော့ ခင်ဗျားတို့ ကံကလည်း ဒီလောက်ထိုက်တာကိုး၊ ဘယ်တတ်နိုင်ပါ့မလဲ။

ကဲ...ဒကာ၊ ဒကာမတို့ သတ္တဝါသေရင် ဖြစ်သေးသလား...(ဒီအယူ မယူပါဘုရား)။ ဒီအယူ မယူနဲ့နော်...(မှန်ပါ့)။ သတ္တဝါကော ပါရဲ့လား...(မပါ,ပါဘုရား)။ သတ္တဝါမှ မရှိဘဲနဲ့ ဖြစ်သေးသလားဆိုတဲ့ စကားသုံးဖို့ လိုသေးသလား...(မလိုပါဘုရား)။

ဒါဖြင့် သတ္တဝါသေရင် မဖြစ်တော့ဘူးလား...(ဒီအယူ မယူပါဘုရား)။ မယူနဲ့။ ဒီအယူကို မယူနဲ့။ ဒီအယူ ယူလိုက်မှာ သိပ်စိုးရိမ်တယ်။

ဒီအယူ ယူလိုက်ရင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တော့မယ်...(မှန်ပါ့)။ မဖြစ်ပေဘူးလား...(ဖြစ်ပါတယ်ဘုရား)။ သဘောပါကြရဲ့လား...(ပါ,ပါတယ်ဘုရား)။

## နဂိုကို က သတ္တဝါမရှိတာ

သတ္တဝါသေရင် ဖြစ်ချည်တစ်လှည့် မဖြစ်ချည်တစ်လှည့် လားလို့မေးရင်ကော...(ဒီအယူ မယူပါဘုရား)။ ဪ...သူဖြစ်ချင်တာ ဖြစ်မှာပဲလို့လည်း ဒီလိုလည်း မယူလိုက်ပါနဲ့။ သတ္တဝါ ပါလာကတည်းက မေးတဲ့စကားထဲမှာ ဖြေစရာမရှိပါဘူး။ သဘောပါပလား ...(ပါ,ပါပြီ)။ သတ္တဝါနဲ့ မေးရင် မေးတဲ့ စကားထဲ ဖြေစရာပါရဲ့လား ...(မပါ,ပါဘုရား)

နဂိုကိုက သတ္တဝါရှိရဲ့လား...(မရှိပါ)။ ဒကာ၊ ဒကာမတွေ ဒါ ခရစ်ယာန်မဟာမေဒင်တွေမှာ ဒါ သိပ်အရေးကြီးတဲ့ စကားတွေ နော်...(မှန်ပါ့)။ သိပ်အရေးကြီးတဲ့ စကားတွေ လွယ်တဲ့စကား မဟုတ်ဘူး...(မှန်ပါ့)။

သူတို့က သတ္တဝါတွေနဲ့ချည်းလာတယ်...(မှန်ပါ့)။ ယခု လည်း သတ္တဝါမရှိတာ သိထားမှ ရှင်းတယ်...(မှန်ပါ့)။ ပေါ်ကြပလား ...(ပေါ်ပါပြီ)။

ဒီဟာ ဟောရတော့မယ်ဆိုတော့ ဒါနိဗ္ဗာန်မဟောရသေးဘူး၊ မရောက်သေးဘူး၊ သူ့တင်မှာ အတော်ရင်လေးနေတယ်...(မှန်ပါ့)။ မလေးသင့်ဘူးလား...(လေးသင့်ပါတယ်ဘုရား)။

## ဒိအယူ ယူရင် ဒိဋ္ဌိသာမှတ်လိုက်

ဒါဖြင့် ရှင်ကြီးဂေါတမတဲ့။ ကျုပ်မေးတော့ ဒီအယူ မယူဘူးလို့ ပြောတယ်။ ဒီအယူ ယူရင်ဘာဖြစ်တတ်သတုံး၊ သူမေးလာ

တဲ့ အယူတွေယူရင် ဘာဖြစ်တတ်သတုံး။

ဒကာ၊ ဒကာမတို့ မေးခွင့်ကော မကြုံဘူးလား...(ကြုံပါတယ်ဘုရား)။ ကြုံတဲ့အခါကျတော့ ဘုရားက ဒီအယူ ယူလို့ရှိရင် ကွာ...တဲ့။ ဒိဋ္ဌိတည်းဟူသော ခရီးခဲရောက်တယ်တဲ့...(မှန်ပါ)။ သဘောပါကြပလား...(ပါ,ပါပြီဘုရား)။ ဒီအယူယူရင်...(ဒိဋ္ဌိတည်းဟူသော ခရီးခဲရောက်ပါတယ်)။ စာလိုသုံးရင် ကြာတယ်ဗျာ။ ဒီအယူယူရင် ဒိဋ္ဌိသာမှတ်လိုက်...(မှန်ပါ)။ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဒီအယူ ယူရင် ...(ဒိဋ္ဌိသာမှတ်လိုက်ပါ)။ ဒိဋ္ဌိဖြစ်သွားတယ်ကွာလို့ ဟောလိုက်တယ်။ ဒိဋ္ဌိအယူဖြစ်သွားတယ်။ သဘောပါပလား...(ပါ,ပါပြီဘုရား)။

ပုဏ္ဏားက မကျေနပ်ဘူး။ ဒီအယူ ယူရင် ဒိဋ္ဌိဖြစ်တယ်လို့ ဘုရားက ပြောလိုက်တယ်။ ပုဏ္ဏားက မကျေနပ်ဘူး။

ဒါဖြင့် ရှင်ကြီးဂေါတမအယူ ပြောစမ်းပါ...(မှန်ပါဘုရား)။ သူ့အယူတစ်လုံးမှ မဟုတ်ဘူးလို့ ပြောတာကိုး...(မှန်ပါ)။ ရှင်ကြီးဂေါတမအယူ ပြောစမ်းပါတဲ့။ ရှင်ကြီးဂေါတမ ဘယ်ဒိဋ္ဌိအယူ ယူသလဲ။

## ဒိဋ္ဌိအယူကို ဘုရားက ဖောခိပင်နဲ့ ရွှေပလ္လင်ကတည်းက ပယ်ပြီး

ပုဏ္ဏားယူတဲ့အယူတွေ ယူသေးရဲ့လား...(မယူပါဘုရား)။ ဗောဓိပင်နဲ့ ရွှေပလ္လင်ကတည်းက ပယ်ခဲ့ပါပြီတဲ့။ ဒါဖြင့် ဘုရားတဲ့...

အရှင်ဘုရားက ဒိဋ္ဌိအယူ မယူဘူးဆိုလို့ရှိရင်ဖြင့် အရှင်ဘုရားယူတဲ့ အယူတစ်ခုကို တပည့်တော် သိပါရစေ။ တစ်ခုခုတော့ ယူရမှာပဲ။ ဒကာ၊ ဒကာမတို့ အင်မတန် အဖိုးတန်တဲ့ စကားနော်...(မှန်ပါ့)။ ပျင်းပျင်းနဲ့ မနာကြနဲ့။ သေသေချာချာ နားကြီးကြီးနဲ့နာမှ ဒီဥစ္စာ ပေါ်လာမယ်...(မှန်ပါ့)။ အရေးမကြီးဘူးလား...အခုသုံးနေတဲ့ စကား တွေ...(ကြီးပါတယ်ဘုရား)။ ဦးညွန့်...(ဘုရား)။ သိပ်အရေးကြီး တယ်ဆိုတာ မှတ်လိုက်စမ်းပါ...(မှန်ပါ့)။

ဘာသန္တရက လာလို့ရှိရင် ခုပြောတဲ့ တရားမျိုး ဘုန်းကြီး ဟောတဲ့ တရားမျိုးကို ခင်ဗျားတို့ လည်လည်မပြောနိုင်လို့ရှိရင် ခင်ဗျားတို့ကိုယ်တိုင် မိစ္ဆာဒိဋ္ဌိဖြစ်တယ်။ မဖြစ်ဘူးလား၊ ဖြစ်မလား... (ဖြစ်ပါတယ်ဘုရား)။

ကဲ...ဒါဖြင့် ရှင်ကြီးဂေါတမ...သူယူတဲ့ အယူတွေတော့ မယူဘူးဆိုတော့ ရှင်ကြီးဂေါတမအယူ ပြောစမ်းပါ။

## ဘုရားရှင်၏ အယူဝါဒ

ကျုပ်တို့ ယူတဲ့အယူတွေတော့ ဒိဋ္ဌိအယူလို့ အရှင်ဘုရား က ပြောထားတယ်။ အရှင်ဘုရား၏ အယူဝါဒ ပြောစမ်းပါ။

ငါဟာတဲ့။ ဟော...စိတ်ကလေးဖြစ်တယ်။ စိတ်ကလေးက ချုပ်တယ်။ ဒီလိုယူတယ်ကွတဲ့...(မှန်ပါ့)။ ဒါယကာ ဒါယိကာမတွေ ရိပ်မိမလား...(ရိပ်မိပါပြီ)။

ဝေဒနာကလေးကျတော့လည်း ဖြစ်တယ်၊ ချုပ်တယ်၊ ဒီလို ယူတယ်။ စိတ်ကလေးကျပြန်တော့...(ဖြစ်တယ်၊ ချုပ်တယ်)။

နာမ်ကလေးကျပြန်တော့...(ဖြစ်တယ်၊ ချုပ်တယ်) ရုပ်ကလေးကျပြန်တော့...(ဖြစ်တယ်၊ ချုပ်တယ်)၊ ငါက ဒီလိုယူတာ ကွ၊ သဘောကျပလား...(ကျပါပြီဘုရား)။

## ဖြစ်ပျက်ရှုနိုင်းတာ ဘုရားအယူ

ဒါဖြင့် ခင်ဗျားတို့ကို ဖြစ်ပျက်ရှုနိုင်းတာဟာ ဘယ်သူ့အယူ ပါလိမ့်...(ဘုရားအယူပါဘုရား)။

ဩော်...တော်သေးတယ်။ တော်သေးတယ်။ ဒီတစ်လုံးက အတော်မိတာဗျ။ ဒီတစ်လုံးက အတော်မိတယ်။ ဒီတစ်လုံးက အတော်မိတယ်ဆိုတာ ဒကာ၊ ဒကာမတို့ ခင်ဗျားတို့ ဗုဒ္ဓဘာသာ စစ်သွားပြီတဲ့။

ဩော်...ဖြစ်တာနဲ့ ပျက်တာပဲရှိတယ်လို့ တစ်လုံးတည်း ယူလိုက်တာ သိပ်တည့်သွားတယ်...(မှန်ပါ့ဘုရား)။

ဖြစ်ပျက် ဘာသစ္စာတုံးကြည့်လိုက်...(ဒုက္ခသစ္စာပါဘုရား)။ သိတာ ဘာသစ္စာတုံး...(မဂ္ဂသစ္စာပါဘုရား)။

## ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့သိတာ

ဩော်...ခင်ဗျားတို့ အယူက ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ အမှန်သိတဲ့အယူဟာ ခင်ဗျားတို့ ဗုဒ္ဓဘာသာ၏ အယူ...(မှန်ပါ့)။

ဒီကျမှ ပေါ်လာတယ်...(မှန်ပါ့)။

ကဲ...ဘယ်လောက်လေးနက်သတုံး...(မှန်ပါ့)။ ဒကာ၊ ဒကာမတွေ တရားပွဲ ငြိမ်ခံနေလို့မဖြစ်ဘူး။ လေးနက်တာ သိပလား ...(သိပါပြီဘုရား)။ ဒီတရားမျိုးကို မနာရတော့ဘူးဆိုရင် ခင်ဗျားတို့ ဒိဋ္ဌိသာမှတ်ပေတော့...(မှန်ပါ့)။ သခင်ဝတင် ယုံရဲ့လား...(ယုံပါတယ် ဘုရား။ ဒီတရားမျိုးသာ မနာရတော့ဘူးဆိုရင် အကုန်ဘာဖြစ်မယ် ထင်သတုံး...(ဒိဋ္ဌိဖြစ်မှာပါဘုရား)။

ဩော်...သတ္တဝါသေလို့ရှိရင်ဖြင့် ဘာများသွားဖြစ်ပါလိမ့် မတုံးဆိုတော့ သတ္တဝါလည်း မရှိဘူး။ ဘာသွားဖြစ်ပါလိမ့်မလဲ၊ တစ်ခုခုတော့ ဖြစ်မှာပဲလေ။ မလာဘူးလား...(လာပါတယ်ဘုရား)။

ဟင်း...ကိုယ့်မောင် ကိုယ့်ဖွားကလေးဖြင့် လူ့ပြည် လူ့ အကြောင်းမှ ကောင်းကောင်းမသိခင် သေသွားရှာတယ်။ ဘယ်များ ရောက်ပါလိမ့်မလဲ...ဘယ့်နှယ်တုံး...မယူကြဘူးလား...(ယူကြပါတယ် ဘုရား)။

ကိုယ့်မောင် ကိုယ့်ဖွားဆိုတာ ယဉ်ကျေးအောင် သုံးတာ... (မှန်ပါ့)။ ဘေးကလူက သုံးတော့ ဒီသတ္တဝါကလေး ဘယ်များသွားပါ လိမ့်၊ မမေးဘူးလား...မေးမလား...(မေးပါတယ်ဘုရား)။

အဲဒါ ဘာအယူပါလိမ့်...(မိစ္ဆာဒိဋ္ဌိအယူပါဘုရား)။ ဒိဋ္ဌိအယူ၊ ဒိဋ္ဌိအယူ၊ မိစ္ဆာတောင်မထည့်ပါနဲ့တော့။ တော်ပြီ... ဒိဋ္ဌိအယူ၊ မိစ္ဆာဆိုတော့ ပြင်းထန်လွန်းလှတယ်။

## ဒိဋ္ဌိအယူ စွဲနေရင် နိဗ္ဗာန်မရဘူး

ဒိဋ္ဌိအယူဆိုကတည်းက နိဗ္ဗာန်တော့ မရောက်တော့ဘူး၊ သဘောကျပလား...(ကျပါပြီ)။ ဒီအယူကို ခင်ဗျားတို့က ဒီအတိုင်းပဲ ရှေးလူကြီးတွေကလည်း သတ္တဝါတစ်ယောက် သေလို့ရှိရင် ရောက်ချင်သလို ရောက်တာပဲပေါ့လို့ ဟောထားတဲ့ ဒီအယူကို မစွန့်တော့ဘူးဆိုလို့ရှိရင်ဖြင့် နိဗ္ဗာန်ကို ခင်ဗျားတို့ တစ်ခါတည်း ရွှေစေတီ၊ ရွှေဘုရား၊ ရွှေတိဂုံကြီးကို တစ်ပေပတ်လည် ရွှေတွေခတ်၊ ငါးကျပ်သား...ငါးကျပ်သားကပ်၊ ကုန်အောင်ကပ် နိဗ္ဗာန်မရဘူး။ ဒီ...ဒိဋ္ဌိအယူခံနေရင်...(မှန်ပါ့)။ ရပါ့မလား...(မရပါဘုရား)။

ဒိဋ္ဌိက နိဗ္ဗာန်ကန့်ကွက်တာ။ သဘောကျပလား...(ကျပါပြီဘုရား)။

ဒိဋ္ဌိဘာကန့်ကွက်သလဲ...(နိဗ္ဗာန်ကန့်ကွက်ပါတယ်)ကဲ...ဘယ်လောက်ကြောက်စရာကောင်းသလဲ...(မှန်ပါ့)။

## အလှူကို နောက်ထား၊ ဒိဋ္ဌိခွာတာ အရင်လုပ်

ဒါဖြင့် ခင်ဗျားတို့ အလှူကို နောက်ထား၊ ဒိဋ္ဌိခွာတာ ရှေ့လုပ်ပါ။ သဘောပါကြပလား...(ပါ၊ပါတယ်ဘုရား)။ အလှူအတန်းကို...(နောက်ထား)။ ဒိဋ္ဌိကို...(အရင်ခွာ)။ ဒိဋ္ဌိခွာပြီးမှ လှူပါ...(မှန်ပါ့)။

ကျုပ်တို့မြန်မာတွေ ဗုဒ္ဓဘာသာတွေမှာ ကဲ... ဆရာကောင်း မတွေ့တော့ ခင်ဗျားတို့ ဘယ်လောက်နာတယ်ဆိုတာ ပေါ်ပလား...

(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ ဘယ့်နှယ်ဖြစ်နေသလဲ အလှူကို ရှေ့ထား... (မှန်ပါ့၊ ရှေ့ထား)။ ဒိဋ္ဌိမခွာဘူး...(မှန်ပါ့)။

ဒါဖြင့် ဒိဋ္ဌိရှိလျက်နဲ့ လှူတော့ ဘယ်သူ့အလှူလို့ ဆိုမတုံး ...(ဒိဋ္ဌိအလှူ) တိုးတိုးမပြောပါနဲ့ဗျာ။ ကျယ်ကျယ်ပြောကြ...(ဒိဋ္ဌိအလှူပါဘုရား)။ ဒိဋ္ဌိအလှူ...(မှန်ပါ့)။ ရိပ်မိပလား...(ရိပ်မိပါပြီ)။

ဘာအလှူပါလိမ့်...(ဒိဋ္ဌိအလှူပါဘုရား)။ သွားပြီ။ ဒိဋ္ဌိအလှူဆိုရင် နိဗ္ဗာန်မရဘူး။ ရိပ်မိပလား...(မှန်ပါ့၊ ရိပ်မိပါပြီဘုရား)။

ဒါ ဘုန်းကြီးက အကွက်လည်လာလို့သာ ပြောရဲတာ။ ဒီစကားသုံးဖို့ အတော်ခဲယဉ်းတယ်...(မှန်ပါ့)။ အခုတော့ အကွက်မလည်သေးဘူးလား...(လည်ပါပြီဘုရား)။

သတ္တဝါ ဒီအထဲပါရဲ့လား...(မပါ,ပါဘုရား)။ သတ္တဝါကလေး ရည်မှန်းပြီး လှူလိုက်ရဦးမယ်ဆိုတော့ ခွကျတယ်...(မှန်ပါ့)။ ဘာ့အယူနဲ့ လှူလိုက်တာတုံး...(ဒိဋ္ဌိအယူနဲ့ လှူလိုက်တာပါ)။

## ဒိဋ္ဌိက နိဗ္ဗာန်ကန့်ကွက်တာ သုဂတိမကန့်ကွက်ဘူး

နိဗ္ဗာန်မရဘူး စိတ်ချ၊ နတ်ရွာသုဂတိတော့ ရောက်တယ်။ နိဗ္ဗာန်တော့...(မရောက်ပါဘုရား)။ ဘာကြောင့်တုံး...(ဒိဋ္ဌိမခွာပါဘုရား)။

ဒိဋ္ဌိက နိဗ္ဗာန်ကန့်ကွက်တာ...(မှန်ပါ့)။ သုဂတိ မကန့်ကွက်ဘူး...(မှန်ပါ့)။ သဘောပါကြရဲ့လား...(ပါ,ပါတယ်ဘုရား)။

ဒိဋ္ဌိက ဘာတော့ ကန့်ကွက်သတုံး...(နိဗ္ဗာန်ကန့်ကွက်ပါတယ်ဘုရား)။ နတ်ရွာသုဂတိတော့...(မကန့်ကွက်ပါဘုရား)။

အဲ...နတ်ရွာသုဂတိရောက်တဲ့ ကုသိုလ်တော့ ဖြစ်ပါရဲ့တဲ့။ နိဗ္ဗာန်ရောက်တဲ့ ကုသိုလ်မဖြစ်ဘူး။ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။ ရှင်းရှင်းပြောတာပဲ...(မှန်ပါ့ဘုရား)။

ဒါကြောင့် ဒီတရားမျိုးကို ဒကာ၊ ဒကာမတို့ မနာရတော့ဘူးဆိုလို့ရှိရင်ဖြင့်တဲ့ ဒိဋ္ဌိအလှူ သာဓုခေါ်ဖို့ပဲရှိတော့တယ်...(မှန်ပါ့)။ ဘယ့်နှယ်ဆိုကြမလဲ...(ဒိဋ္ဌိအလှူ သာဓုခေါ်ဖို့ပဲ) ကြောက်စရာကြီးပါလား။

## ဘုရားက ၁၇၉၂ ကြိမ် ဟုတ်တိုင်းမှန်စွာ ဒိဋ္ဌိခွာတတ်တဲ့ ဆရာရှာခိုင်းတယ်

ဒါကြောင့် ခင်ဗျားတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိ တဗ္ဗော" တဲ့။ ၁၇၉၂ ကြိမ်မှာတယ်...(မှန်ပါ့)။

ဟုတ်တိုင်းမှန်စွာ ဒိဋ္ဌိခွာတတ်တဲ့ ဆရာကို ရှာကြစမ်းပါ ဆိုတာ ဘုရားက ၄၅ ဝါ အသက်ရှည်တယ်။ မှာတာက ထောင့်ခုနစ်ရာကိုးဆယ့်နှစ်ကြိမ်မှာတယ်။ ဒိဋ္ဌိခွာတတ်တဲ့ ဆရာ ရှာစမ်းပါဦး။ ရှာပြီးမှ လုပ်စမ်းပါ။

ကဲ...ဘယ့်နှယ်တုံး။ ထောင့်ခုနစ်ရာ့ကိုးဆယ့်နှစ်ကြိမ် (၁၇၉၂) တဲ့ ဒကာ၊ ဒကာမတို့...(မှန်ပါ့)။ ဒိဋ္ဌိခွာတတ်တဲ့ ဆရာ

ရှာစမ်းပါဆိုတာ ဘယ်နှကြိမ်တဲ့တုံး...(၁၇၉၂ ကြိမ်ပါ)။

ဘုရားက အသက်ဘယ်လောက်ရှည်သွားသတုံး...(၄၅ ဝါပါ)။ ကဲ...၄၅ ဝါအတွင်းမှာ ၁၇၉၂ ကြိမ်မှာတယ်ဆိုတာ အရေးကြီး, မကြီး...(ကြီးပါတယ်ဘုရား)။

## တစ်ခွန်းတည်းသော စကားကိုသာ ပြောဆိုလေ့ရှိသောဘုရား

ဘုရားက ငါဟာတဲ့ မင်းတို့မသိလို့သာ ငါပြောရမှာ၊ ငါ နှစ်ခွန်း မပြောချင်ဘူးကွ၊ သူ့ထုံးစံက...(မှန်ပါ့)။ တစ်ခွန်းနဲ့ အမှန်ပြောလေ့ရှိတာ ငါဘုရား၏ ဝတ္တရားတဲ့...(မှန်ပါ့)။

အဲဒီ ဘုရားကိုယ်တော်မြတ်ကြီးက အခု ဘယ်လောက်ပြောသွားသတုံး...(၁၇၉၂ ကြိမ် ပြောသွားပါတယ်)။

ဒိဋ္ဌိခွာတတ်တဲ့ ဆရာရှာစမ်းပါကွာ။ ငါမရှိသည့်နောက်ကဲ...ဘယ်လောက်အရေးကြီးတုံး...(ကြီးပါတယ်ဘုရား)။ အလွန်ကြီးတာ ပေါ်ပလား...(ပေါ်ပါပြီ)။ ခင်ဗျားတို့ကို ခြောက်တာလား... သွားကြည့်၊ ပါဠိတော်ထဲ ထောင့်ခုနစ်ရာ့ကိုးဆယ့်နှစ်ကြိမ်ရှိတယ်။ မှာထားတာက...(မှန်ပါ့)။

"ယထာဘူတံ ဉာဏာယ သတ္တာ ပရိယေသိတဗ္ဗော" ဆိုပြီး တိုက်ရိုက်က သုံးဆယ့်နှစ်ကြိမ် (၃၂)...(မှန်ပါ့)။ အလားတူ တွေက ထောင့်ခုနစ်ရာ့ကိုးဆယ့်နှစ်ကြိမ် မှာတယ်။ ဘယ်လောက် မှာတယ်ဆိုတာ သခင်ဝတင် ရိပ်မိပလား...(မှန်ပါ့ဘုရား)။

ဒါဖြင့် သတ္တဝါသေရင် ဘာဖြစ်လိမ့်မတုံးဆိုရင် ဘယ်သူ့အယူတုံး...(ဒိဋ္ဌိအယူပါဘုရား) အဲဒီ သတ္တဝါကလေး ရည်မှန်းပြီး အမျှပေ့...မင်းသေတာ ၃ နှစ်ရှိပြီ။ တို့မမေ့ဘူးဆိုတာလည်း ဘာပါလိမ့်...(ဒိဋ္ဌိအယူပါဘုရား)။

ဒါဖြင့် သတင်းစာတွေ ဝတ်ကုန်မှာ စိုးရသေးတယ်။ တစ်စောင်နှစ်ကျပ်တောင် ပေးရတယ်။ နည်းတာမဟုတ်ဘူး။ ဒီတစ်ကွက်ကလေး နှစ်ကျပ်ပေးရတာ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

သို့သော် ခင်ဗျားတို့ အမှန်သိအောင် ပြောပါတယ်တဲ့။ ခင်ဗျားတို့ ကြော်ငြာတာတော့ မကန့်ကွက်ပါဘူး။ မသိလို့ ကြော်ငြာတာကိုး။ ရိပ်မိပလား...(ရိပ်မိပါပြီ ဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို အရှင်ဘုရားတဲ့...ပုဏ္ဏားက တပည့်တော် မေးလာတာတွေ အင်မတန်များပါပြီတဲ့။ အရှင်ဘုရားအယူသာ ပြောပါတော့။

## အကုန်ဖြစ်ပြီး ပျက်တာချည်းပါပဲ

ငါ့အယူကတော့ကွာ...တဲ့။ ဟော...ရုပ်တရားဖြစ်ပျက်၊ ဝေဒနာတရား...(ဖြစ်ပျက်)၊ စိတ်တရား...(ဖြစ်ပျက်)၊ အင်း...ဓမ္မတရား...(ဖြစ်ပျက်ပါဘုရား)။ ငါက ဖြစ်ပျက်အယူရှိသူကွဲ။ အကုန်ဖြစ်ပြီး ပျက်တာချည်းပဲ...(မှန်ပါ)။

ကောင်းပြီ…ဒါဖြင့် ရှင်ကြီးဂေါတမ အားလုံး သတ္တဝါရုပ်နာမ်တွေဟာ ဖြစ်ပျက်၊ ဖြစ်ပျက်လို့ အရှင်ဘုရားက ဒီအယူကို ယူတယ်။ ဒီလိုပွားများလေ့ရှိတာ ငါ့အယူလို့ အရှင်ဘုရားပြောတာ သဘောကျပါတယ်တဲ့။ ဒီအယူ ယူတော့ကိုဘာဖြစ်သတုံး။ တစ်ခါ သူတက်လာတယ်။

မမေးသင့်ဘူးလား…(မေးသင့်ပါတယ်ဘုရား)။ ရှေ့နေလိုပဲ ကပ်ပြီး ထွက်လာတာပဲ။ ဒီအထဲ ရှေ့နေများ ပါနေသလား မပြောတတ်ပါဘူး။ ဒကာ၊ ဒကာမတို့ ရှေ့နေလိုပဲ ကပ်ပြီးထွက်လာတာပဲ။ သဘောပါပလား…(ပါ,ပါတယ်)။

ဒီအယူ ယူတော့ ဖြစ်ပျက်အယူ ယူတော့ ဘာများကျေးဇူး ရှိသတုံး၊ ဒကာ၊ ဒကာမတို့ ရှင်းပြတယ်။ ဥပမာ စိတ်ကလေးက ဖြစ်ပျက်ဆိုတော့ ခင်ဗျားတို့က သိတာက ဘာတုံး…(မဂ်ဖြင့် သိတာပါဘုရား)။

မဂ်ဆိုတော့ကို တဏှာ၊ မာန၊ ဒိဋ္ဌိ လာသေးရဲ့လား… (မလာပါဘုရား)။ ဟော…ဒီဖြစ်ပျက်ကို သိတဲ့အယူ ယူလိုက်လို့ရှိရင် တဏှာ၊ မာန၊ ဒိဋ္ဌိ ချုပ်တဲ့ အယူမှာ ငါ့အယူကွ၊ ပေါ်ကြပလား… (ပေါ်ပါပြီဘုရား)။

ဒါက ဖြစ်ပျက်ဆိုလို့ရှိရင် ရှုတာက ဘာဖြစ်ကြသလဲ… (မဂ်ပါဘုရား)။ ဒါဘုရားအယူဟာ မဂ်နဲ့ရှုရတဲ့ အယူပေါ့ဗျာ… (မှန်ပါ့)။

အဲဒီတော့ အရှင်ဘုရား…တဲ့။ အရှင်ဘုရားက ဖြစ်ပျက်ကို သိတဲ့အယူဟာ အရှင်ဘုရားအယူလို့ ဆိုတော့ ဘာကျေးဇူးရှိသတုံး

ဆိုတော့...

## ဒီအယူ ယူရင် ပပဉ္စချုပ်တယ်

ဘုရားက တဏှာ၊ မာန၊ ဒိဋ္ဌိချုပ်သကွဲ၊ မဖြေဘူးလား... (ဖြေပါတယ်ဘုရား)။ ပေါ်ကြပလား...(ပေါ်ပါပြီ) ဘာတဲ့တုံး... (တဏှာ၊ မာန၊ ဒိဋ္ဌိ ချုပ်ပါတယ်)

ကြည့်...တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ မချုပ်ဘူးလား... (ချုပ်ပါတယ်ဘုရား)။ ဒိဋ္ဌိ ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံကော မချုပ်ဘူးလား...(ချုပ်ပါတယ်ဘုရား)။ မာန မာနပါဒါန်၊ မာနအုပ်ချုပ်တဲ့ ကံကော မချုပ်ဘူးလား...(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ပပဉ္စချုပ်တယာ်။ မပေါ်သေးဘူးလား...(ပေါ်ပါပြီ ဘုရား)။

ဘာချုပ်သတဲ့တုံး...(ပပဉ္စချုပ်ပါတယ်)၊ သံသရာချဲ့တဲ့ပပဉ္စ တရားရှိသေးရဲ့လား...(မရှိပါဘုရား)။

အဲဒါ ငါ့အယူ၊ မြတ်စွာဘုရားဝါဒ ခုမှ ပေါ်လာတယ် မပေါ်သေးဘူးလား ဒကာ၊ ဒကာမတို့...(ပေါ်ပါတယ်ဘုရား)။

ဘုရားဝါဒသည် ရုပ်နာမ်ကို ဖြစ်ပျက်လို့ သိတဲ့အယူ၊ ဒီအယူဟာ ဘယ်သူ့အယူပါလိမ့်...(ဘုရားအယူပါဘုရား)။ ဒါဖြင့် ခင်ဗျားတို့ကို ဘုန်းကြီးက အလုပ်ပေးတော့ ဖြစ်ပျက်ရှုကြပေါ့ဆိုတာ မှားသေးသလား...(မမှားပါဘုရား)။

ကဲ…ဒကာ၊ ဒကာမတွေ ကောင်းကောင်းကျေနပ်ပလား… (ကျေနပ်ပါတယ်ဘုရား)။ ဝတ္ထုသက်သေနဲ့တကွ လာပြီ၊ ဒကာ၊ ဒကာမတို့ အရင်ဟာတွေကတော့ ခင်ဗျားတို့က ကြမ်းလွန်းလို့ ထော်နေလို့ ရှင်းပြနေရတာ၊ ခုမှ ဘုရားအယူပေါ်လာတယ်။ ရိပ်မိ ပလား..(ရိပ်မိပါပြီ)။ သဘောပါကြပလား…(ပါ,ပါတယ်ဘုရား)။

## ရုပ်နာမ်ဖြစ်ပျက်ရှုလို့ မဂ်ဖြစ်၊ မဂ်ဖြစ်လို့ ပပဉ္စ သေ

ဩော်…ဘုရားသခင် ကိုယ်တော်မြတ်ကြီးဘုရား ဘာဖြစ်လို့ ဖြစ်ပါလိမ့်မတုံးဆိုတော့ ရုပ်နာမ်ဖြစ်ပျက်ရှုလို့ မဂ်ဖြစ်တယ်။ မဂ်ဖြစ်လို့ ပပဉ္စသေတယ်၊ ပပဉ္စသေလို့ ဘုရားမှာ နိဗ္ဗာန်ရောက် သွားတယ်။ အဲဒါ အကြမ်းပြောတာ သဘောကျပလား…(ကျပါပြီ ဘုရား)။

ဘုရားအယူ ဘာအယူပါလိမ့် ဒကာ၊ ဒကာမတွေ… (ဖြစ်ပျက်သိတာပါ)။ ဖြစ်ပျက်သိတဲ့ အယူဟာ…(ဘုရားအယူပါ ဘုရား)။

ဘာကျေးဇူးရှိသတုံးဆိုတော့ ဘယ့်နှယ်ဖြေကြမလဲ… (တဏှာ၊ မာန၊ ဒိဋ္ဌိချုပ်ပါတယ်) တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝအုပ်ချုပ် တဲ့ ကံကော မသေဘူးလား…(သေပါတယ်)၊ ဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံကော မသေဘူးလား…(သေပါတယ်ဘုရား)။ မာန မာနပါဒါန် မာနအုပ်ချုပ်တဲ့ကံကော မသေဘူးလား… (သေပါတယ်ဘုရား)။

## ပပဉ္စချုပ်တာ ဘုရားဝါဒ

ဒါဖြင့် ဒီသုံးခု ရောခေါ်လိုက်တော့ ပပဉ္စ…(မှန်ပါ့၊ ပပဉ္စ) ပပဉ္စချုပ်တဲ့ ဝါဒကွ၊ ငါ့ဝါဒက၊ သဘောပါပလား…(ပါ,ပါပြီဘုရား)။ ဘာဝါဒတဲ့…(ပပဉ္စချုပ်တဲ့ ဝါဒပါဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ ပပဉ္စဆိုတာ သံသရာမှ ဒီဘက်ကူးအောင်လုပ်တာ၊ ပေါ်ပလား…(ပေါ်ပါပြီဘုရား)။ ဒီအကွက်ကမှ ဒီအကွက်ကူးအောင်လုပ်တာ ဘာခေါ်ကြမလဲ…(ပပဉ္စပါဘုရား)။

ဒီအကွက်က ဒီအကွက်ကူးအောင်လုပ်ရင်…(ပပဉ္စပါဘုရား)။

## အပိုင်းပြေးပြေးအောင်လုပ်တာ ပပဉ္စ

ဒါဖြင့် အပိုင်းပြေး ပြေးအောင်လုပ်တာ ပပဉ္စ၊ မပေါ်သေးဘူးလား…(ပေါ်ပါပြီဘုရား)။ ဒီနေ့ တရားက ခါတိုင်းတရားထက် အသားပါတယ်လို့မှတ်ပါ…(မှန်ပါ့ဘုရား)၊ မပါဘူးလား…(ပါ,ပါတယ်ဘုရား)။

## တစ်ဆင့်ခြင်းတက်ရန် ပြောပေးနေတာ

ပထမတုန်းကတော့ ကကြီး၊ ခခွေး စသင်တာကိုးဗျာ… (မှန်ပါ့)။ ခုတော့ ကကြီး၊ ခခွေး မဟုတ်ဘူး၊ သင်ပုန်းကြီး တော်တော်

ရောက်ပြီ၊ မဂ်လသုတ်နား နီးလာပြီ။ သို့သော် ဝေါမဂ်လာ၊ မုတ္တမံ တော့ မရောက်သေးဘူး။ သဘောကျပလား...(ကျပါပြီ)။

ခုတော့ ပဏ္ဍိတာနဥ္စသေဝနာလောက်တော့ ရောက်ပြီ။ ရိပ်မိပလား...(ရိပ်မိပါပြီ)။ "ဖုဋ္ဌဿလောကဓမ္မေဟိ၊ စိတ္တံယဿ နကမ္ပတိ"မရောက်သေးဘူးနော်၊ "ဖုဋ္ဌဿလောကဓမ္မေဟိဆိုရင် ရဟန္တာဖြစ်ပြီ၊ မဖြစ်သေးဘူးလား...(ဖြစ်ပါပြီ)။ အသေဝနာစ ဗာလာနံကလေး အရင်တစ်နေ့က ဟောခဲ့တယ်။ ခုတော့ ပဏ္ဍိတာနဥ္စ သေဝနာကလေး ဟောတယ်၊ နောက်ရက်တွေ ကျမှ ဖုဋ္ဌဿလောကဓမ္မေဟိ ရဟန္တာဖြစ်မယ်၊ ဖြုန်းခနဲဟောလို့ ရပါ့လား...(မရပါဘုရား)။ သဘောကျပလား...(ကျပါပြီ)။

## နိဗ္ဗာန်မပါသေးလို့ ဓာဒက မတက်ကြပါနဲ့ဦး

ကိုင်း...ဒါဖြင့် နိဗ္ဗာန်ဟောမယ်ဆိုပြီး အရှင်ဘုရား နိဗ္ဗာန်ကို မပါသေးဘူး။ ခင်ဗျားတို့က လဲမှာပဲ ဆင်ခြေ၊ မလဲပေဘူးလား... (လဲပါတယ်ဘုရား)။ နိဗ္ဗာန်မပါသေးလို့ ခင်ဗျားတို့ အကုန်လဲမှာပဲ မဟုတ်လား...(မှန်ပါ့၊ လဲနေပါတယ်ဘုရား)။ သို့သော် ပါတာမသိ သေးဘူး။ ပါနေလျက်နဲ့ မသိဘူး...(မှန်ပါ့)။

ဒကာ၊ ဒကာမတို့ ကလေးအနာပေါက်သလိုဖြစ်နေပြီ။ မင်းဟာ ဘာဖြစ်သတုံး။ မသိပါဘူး...(မှန်ပါ့)။ ဒီလိုဖြစ်နေတယ်။ ဒကာ၊ ဒကာမတို့ ဖြစ်ပျက်ကို ဉာဏ်နဲ့သိတဲ့ အယူဟာ ဘယ်သူ့ အယူပါလိမ့်...(ဘုရားအယူပါဘုရား)။

## ၅၂ နိဗ္ဗာန်မသိရင် ဥစ္စာဒိဋ္ဌိဖြစ်တယ်

အရှင်ဘုရား ဒီလိုယူတော့ ဘာကျေးဇူးရှိပါသလဲ။ ပုဏ္ဏား က မေးလိုက်တယ်။ ပပဉ္စချုပ်တယ်ကွဆိုတော့ နိဗ္ဗာန်မပါသေးဘူး လား...(ပါ,ပါတယ်)။

အဲဒါ ခင်ဗျားတို့ အသိဘူး၊ နိဗ္ဗာန်မပါသေးဘူး၊ ဘုန်းကြီးက နိဗ္ဗာန်ကို အစက ဟောမယ်လို့ ပြောနေတယ်၊ ခုထက်ထိ မရောက် သေးဘူး၊ လျှာရှည်လိုက်တဲ့ ဘုန်းကြီးလို့ ဆိုချင်ဆိုနေမှာဗျ။

ပါတော့ ပါနေပါပြီ...(ပါနေပါပြီ)။ သို့သော် အကွက်ကျ အစေ့မပါသေးဘူး၊ သဘောကျပလား..(ကျပါပြီ)၊ အစေ့မပါသေးဘူး ...တဲ့၊ ဒကာ၊ ဒကာမတို့ အကွက်ကျအစေ့က နက်ဖြန်ညမှ သေသေ ချာချာပါမယ်... (မှန်ပါ့ဘုရား)။

အခုဟာက ဘုရားအယူကို ပေါ်ရုံပဲ ဟောနေသေးတယ်၊ ဘုရားအယူဟာ ဘာပါလိမ့် ဒကာ ဒကာမတို့...(ဖြစ်ပျက်သိတာပါ)၊ ဖြစ်ပျက်သိတဲ့အယူဟာ...(ဘုရားအယူပါ ဘုရား)။

ဒါဖြင့် ဘာကျေးဇူးရှိသတုံး၊ အရှင်ဘုရား ဒီအယူ, ယူတော့၊ ဖြစ်ပျက်သိတဲ့အယူ ,ယူတော့ ဘာကျေးဇူးရှိသတုံး... (ပပဉ္စချုပ် ပါတယ်)။

ဒါဖြင့် နိပ္ပပဉ္စဆိုတာ နိဗ္ဗာန်ကို ဟောတာ...သဘောပါ ပလား...(ပါ,ပါပြီ)။ သို့သော်...နိဗ္ဗာန်သဲဘော လောလောကြီး ပေါ်ပလားဆိုတော့ ဩော်...ပပဉ္စ မရှိတာ နိဗ္ဗာန်လောက်သာ မှတ် ထားရမယ်၊ ဒို့ပြင် ဘာမှမပါနိုင်သေးဘူး...(မှန်ပါ့)။ နက်ဖြန်ဟော မည့် အသွားက ဒီပုဏ္ဏားကိုက ဆက်မေးဦးမယ်။ တပည့်တော် ဒီလောက်ပြောလို့တော့ နိဗ္ဗာန်ကို နားမလည်သေးပါဘူးဘုရား...

(မှန်ပါ့)။

ပုဏ္ဏားက လဲလိမ့်မယ်။ နက်ဖြန်ကျလို့ရှိရင် မလဲပေဘူး လား...(လဲပါတယ်)။ အဲဒီ လဲမှ ခင်ဗျားတို့ နိဗ္ဗာန်ကို ကျကျနန ရှင်းမယ်။ အခုတော့ ပပဥ္စချုပ်တာ နိဗ္ဗာန်မှတ်ပြီး ပြန်ကြဦးတော့၊ နာရီစေ့သွားပြီ...။

**သာဓု... သာဓု... သာဓု။**